# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုအနည်းငယ်ပြုဖန်များသော်**
**ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 4 September 2024 ၁၁၅၇၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့

**နိုင်ငံရေးပါတီ ( ၂၅ ) ပါတီ၏ ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက်**

စာမျက်နှာ » ၉

**စားအုန်းဆီကို အိမ်တိုင်ရာရောက်စနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများသဖြင့် ဖုန်းလိုင်းခွဲများ တိုးချဲ့လက်ခံဆောင်ရွက်**

စာမျက်နှာ » ၁၆

ဖတ်စရာ

**နည်းပညာရေစီးကြောင်းနှင့် သတိပြုဖွယ် AI အန္တရာယ်**

ဆောင်းပါး စာမျက်နှာ » ၁၀

**၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရမည့်အဆင့်နှင့် ဘာသာရပ်များ**

စာမျက်နှာ » ၁၇


ပြည်လုံးကျွတ် သန်းခေါင်စာရင်း ၂၀၂၄

**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၂၆ ) ရက်သာ လိုတော့သည်။**

IMMIGRATION

ကြေးမုံ

# နိုင်ငံတော်အမျိုးသားရေးလုပ်ငန်းစဉ် ပြည်သူအားလုံးပူးပေါင်းပါဝင်

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဆယ်နှစ်တစ်ကြိမ် ကောက်ယူလေ့ရှိသည်။ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့ပြီး ဆယ်နှစ်ပြည့်မြောက်သည့် လာမည့် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း နိုင်ငံတစ်ဝန်းလုံးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ကောက်ယူတော့မည် ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူပြီး ရရှိလာသောအချက်အလက်များသည် နိုင်ငံအတွင်း ဖြစ်တည်နေသည့် လူဦးရေစုစုပေါင်း အရေအတွက်သိရှိရန်သာမဟုတ်ဘဲ နိုင်ငံအတွင်း၌ရှိသည့် အသက်အပိုင်းအခြားအလိုက် ကျား၊ မ အရေအတွက်ကို ရရှိနိုင်သလို လူမှုစီးပွားရေးဆိုင်ရာ ကဏ္ဍများအားလုံးနှင့် သက်ဆိုင်သည့် အချက်အလက်များ၊ အိမ်အကြောင်းအရာများကိုပါ ရရှိနိုင်မည်ဖြစ်၍ အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူ၍ ရရှိသောအချက်အလက်များမှ လူဦးရေအခြေအနေအပြင် နေထိုင်မှုပုံစံများကိုပါ တိတိကျကျသိရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း အထိမ်းအမှတ် ပြည်သူသို့ပြောကြားသည့် မိန့်ခွန်းတွင် "ဒီလုပ်ငန်းကြီးကို တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရနိုင်ဘဲ နိုင်ငံတစ်ဝန်း နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးရဲ့ ညီညွတ်သောအင်အားနဲ့ အောင်မြင်အောင်ဆောင်ရွက်ပြီး ကမ္ဘာ့အလယ်တွင် နိုင်ငံ့စွမ်းအားကို ပြသရမှာလည်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်မယ့် အခွင့်အခါကောင်းတစ်ရပ်လည်းဖြစ်ပါတယ်"ဟု ပြောကြားထားသည်။

ထို့ကြောင့် လက်ဝယ်ရရှိနေသည့် အခွင့်အရေးကို ပြည့်ပြည့်ဝဝ အသုံးချနိုင်ရန်အတွက် သန်းခေါင်စာရင်းကောက်ယူရေးတွင် လူတိုင်းပါဝင်ကြဖို့လိုပါသည်။ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် အိမ်ထောင်စုအသိုက်အဝန်းအားလုံးကို စာရင်းကောက်အဖွဲ့များက အိမ်တိုင်ရာရောက် လာရောက်မေးမြန်းမည့် မေးခွန်းအားလုံးအပေါ်တွင် သံသယစိတ်များ၊ စိုးရိမ်ကြောင့်ကြစိတ်များကင်းစွာဖြင့် အနာဂတ်မျိုးဆက်သစ်များ အကျိုးကိုရှေးရှု၍ အမှန်ကိုအမှန်အတိုင်း အမှားအယွင်းမရှိဘဲ ယုံယုံကြည်ကြည် ဖြေကြားကြဖို့ လိုအပ်သည်။ ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေတွင်လည်း ပြည်သူများ၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို လုံခြုံမှုရှိစေရန် အကာအကွယ်ပေးထားပြီးဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူခြင်းသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေ၊ နိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြသူများ၏ ဒေသအလိုက်၊ အသက်အပိုင်းအခြားအလိုက်၊ မြို့ပြကျေးလက်အလိုက် လူဦးရေစာရင်းကိုသာရရှိစေရုံမကဘဲ ပညာအရည်အချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် လူဦးရေအမျိုးအစားများကို ခွဲခြားသိရှိနိုင်မည်ဖြစ်သည်။ ထိုသို့သိရှိမှုမှတစ်ဆင့် နေရာဒေသအလိုက် လိုအပ်သည့် အစီအမံများ ချမှတ်နိုင်ရန်အတွက် အခြေခံအရင်းအမြစ်များကို ဖန်တီးပေးနိုင်မည်ဖြစ်သလို လိုအပ်သည့် လုပ်သားအင်အားကိုလည်း ဖော်ထုတ်သိရှိနိုင်မည်ဖြစ်သည်။ ကျွမ်းကျင်မှုလိုအပ်သည့် လုပ်သားများအတွက်လည်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ ကျွမ်းကျင်မှုသင်တန်းများကို လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ ဒေသအလိုက် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်သည်။

ထို့အပြင် လူမှုဖူလုံရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ မသန်စွမ်းထောက်ပံ့မှုအစီအစဉ်များကိုလည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်ရှာဖွေခြင်း၊ စားသုံးသူခန့်မှန်းခြင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်သူများအား ရှာဖွေကယ်ဆယ်ရေး စသည့်ကဏ္ဍများတွင်လည်း အသုံးဝင်မည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားလုပ်ငန်းစဉ်များတွင် မဖြစ်မနေ အခြေခံအသုံးပြုနိုင်မည့် ကိန်းဂဏန်းအချက်အလက်များ၊ အကြောင်းအရာများ ရရှိနိုင်ရန်အတွက် အမျိုးသားရေးလုပ်ငန်းစဉ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် အားလုံးပါဝင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များကိုအခြေခံပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်ဖြစ်၍ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ်ခံယူပြီး "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်ပုဒ်နှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့
International Literacy Day 2024



အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံပညာရေးကို မြှင့်တင်ကြပါစို့

Promoting multilingual education: Literacy for mutual understanding and peace

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၂၈ | ၂၄၉,၂၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၃၉ | ၁၃၆,၅၀၀ |
| MCB | ၉,၂၀၀ | ၉,၂၀၀ | ၅၀ | ၄၆၀,၀၀၀ |
| FPB | ၁,၇၅၀ | ၁,၈၀၀ | ၁၃,၃၀၅ | ၂၃,၇၅၉,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၅ | ၁၄,၀၀၀ |
| EFR | ၁,၇၅၀ | ၁,၇၀၀ | ၃,၄၆၆ | ၅,၉၀၀,၉၅၀ |
| AMATA | ၄,၆၀၀ | ၄,၇၀၀ | ၄ | ၁၈,၅၀၀ |
| MAEX | ၃,၃၀၀ | ၃,၃ ၀၀ | ၃,၀၀၀ | ၉,၉၀၀,၀၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၆၁ | ၂,၂၂၆,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် တိုင်းမှူးဗိုလ်ချုပ် ဇော်မင်းလတ်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် လမ်းတံတားများ လုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လွိုင်ကော်မြို့နှင့် အခြားမြို့များအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် PDF အမည်ခံ အကြမ်းဖက် သမားများထံမှ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှုနှင့် PDF အမည်ခံအကြမ်းဖက်သမားများ အလင်းဝင်ရောက်လာမှု၊ တရားမဝင်သစ်များ ဖမ်းဆီးရမိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**လမ်းညွှန်မှာကြား**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နေရန်လိုကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုံခြုံရေးနှင့်ပတ်သက်သည့် သတင်းများ စဉ်ဆက်မပြတ်ရရှိအောင် သတင်းရယူတည်ဆောက်ပြီး ဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူ သွားလာလျက်ရှိသည့် လမ်းတံတားများ ထိခိုက်ပျက်စီးမှုများ မရှိအောင် ဆောင်ရွက်နေရန် လိုကြောင်း၊ အလားတူ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ယခင်ကတည်းကပင် ငြိမ်းချမ်းရေးရယူခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုများကို နိုင်ငံတော်၊ တပ်မတော်နှင့် လက်တွဲ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ ဒေသများအတွင်း၌လည်း အကြမ်းဖက်သမားများ ဝင်ရောက်လှုပ်ရှားမှုများကြောင့် နယ်မြေမငြိမ်မသက်မှုများ မဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် **MNDAA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင် အဖွဲ့တို့အား စက်တင်ဘာ ၂ ရက်တွင်နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့နှင့်ဆက်နွယ်နေသူများ အနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်ကြောင်း။**

ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သောပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရာတွင် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားနယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့ လိုက်ပါ၍ အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားပြီး အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးရုံအတွင်း မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း တည်ဆောက်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသူတစ်ဦးအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးရုံအတွင်း မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ **MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား စက်တင်ဘာ ၂ ရက်တွင် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်**

☆ **၎င်းတို့နှင့်ဆက်နွယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်**

# ပဲခူးမြို့၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

ပဲခူး စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပဲခူးမြို့၌ ကျင်းပသည့် တိုင်းဒေသကြီးအဆင့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနေမှုတို့အား သွားရောက်ကြည့်ရှု အားပေးခဲ့သည်။




ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ ရွှေမော်ဓော ဘုရားလမ်း ဗုဒ္ဓအသံဓမ္မဗိမာန်၌ ကျင်းပလျက်ရှိသည့် တိုင်းဒေသကြီးအဆင့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှ အဆင့်မြင့်ပညာအဆင့် အဆို(မဟာဂီတ) ပြိုင်ပွဲဝင် မအိမ့်မှူးခင်နှင့် မပဟေမာန်ကျော်တို့၏ “ပပဝင်းဝင်း” သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်နေမှု၊ ရှင်စောပုလမ်း သီရိဟံသာခန်းမ၌ ဝါသနာရှင်ဒုတိယ အဆင့် မယ်ဒလင်အတီးပြိုင်ပွဲဝင် ဦးစန်းဝင်း၊ ဦးရမ်းကျော်နှင့် ဦးသန်းရှိန်တို့၏ “ပန်းဟော၀န်” သီချင်းဖြင့် မယ်ဒလင် အတီးပြိုင်ပွဲဝင်နေမှုနှင့် ဦးသန်းရှိန်၏ ဝါသနာရှင်ဒုတိယအဆင့် ဂီတာအတီးပြိုင်ပွဲတွင် လက်စွမ်းပြတီးခတ်မှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး ဒိုင်အဖွဲ့များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ပဲခူးမြို့ ဟံသာဝတီရပ်ကွက် မြို့တော်ခန်းမ၌ တိုင်းဒေသကြီးအဆင့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် အခြေခံပညာအဆင့် (၁၅-၂၀) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ညောင်လေးပင်ခရိုင်မှ မတုံတုံနှင့်အဖွဲ့၊ ပဲခူးခရိုင်မှ မောင်ဒီဇင်ဘာဒိုးလေးနှင့်အဖွဲ့၊ ပဲခူးခရိုင်မှ အဆင့်မြင့်ပညာအဆင့် ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲဝင် မမိုးပြည့်ပြည့်နိုင်တို့၏ လက်စွမ်းပြယှဉ်ပြိုင်တီးခတ်နေမှုတို့အား ကြည့်ရှုအားပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊

> **❝ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံတော်တွင် နိုင်ငံရေးအရ အကျပ်အတည်းများဖြစ်ပေါ်နေမှုကို အခွင့်ကောင်းရယူ၍ နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို ကြုံတွေ့လာခဲ့ရ ❞**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှု၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများ တိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်အတွင်းပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသနေပြည်သူများ ကျန်းမာကြံ့ခိုင် သန်စွမ်းစေရေးအတွက် အားကစားရုံများ၊ လေ့ကျင့်ရေးကွင်းများ အဆင့်မြှင့်တင်တည်ဆောက်ပေးထားမှုနှင့် အားကစားပွဲများ ကျင်းပလျက်ရှိမှု၊ စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှုနှင့် တိုးချဲ့ဖွင့်လှစ်ရန်ဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်အတွင်းရှိ အချို့ဒေသများ၌ အကြမ်းဖက်သမားများ၏လုပ်ရပ်များကြောင့် ၎င်းတို့၏ နေရပ်အသီးသီးမှ ဘေးလွတ်ရာနေရာများသို့ ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်နေရသူများအား ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ယခုထက်လျင်မြန်ချောမွေ့စေရေးအတွက် လမ်းများအဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို တင်ပြသည်။

**တင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြည်သူလူထုကို အခြေပြုသည့် ပြည်သူ့လုံခြုံရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ တရားဥပဒေနှင့်အညီဖြစ်စေရေး အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် အဆင့်ဆင့်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မှု၊ မိမိတို့ တာဝန်ယူရသည့် ဒေသများတွင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများ ပပျောက်စေရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ရန် လိုအပ်မှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိရန် လိုအပ်မှုများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိမှု၊ ရှမ်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် လမ်း၊ တံတားများနှင့် အဆောက်အအုံများ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် နေအိမ်များ ပျက်စီးခဲ့ရသည့် ပြည်သူများအတွက် နေအိမ်များဆောက်လုပ်နိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုတို့ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြည်သူလူထုများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးနိုင်ရေး ဆေးရုံ၊ ဆေးခန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိမှု၊ အခြေခံဆေးဝါးများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်သူ့ကျန်းမာရေးအတွက် ကုသရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှမ်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်စေရေး လမ်းများအဆင့်မြှင့်တင်ခြင်းကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိမှု၊ ရာသီဥတုကြောင့် ပျက်စီးခဲ့ရသည့် လမ်းနှင့်တံတား နေရာများကို ပြန်လည်ပြုပြင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုနှင့် တံတားအသစ်များ တည်ဆောက်လျက်ရှိမှုများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးထုတ်ကုန်များအား တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးနေမှု၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဆောင်ရွက်သူများနှင့် အပြန်အလှန်နှီးနှောဖလှယ်၍ တောင်သူများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ ရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှုနှင့်

စာမျက်နှာ ၅ သို့ ○

> **❝ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ် အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုတို့ကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိမှု၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ် ❞**

○ စာမျက်နှာ ၄ မှ

မွေးမြူရေးအစာများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားကြသည်။

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကိုရှင်းလင်းပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ရာ၌ လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို ဦးစွာပြောကြားလိုကြောင်း ပြောကြားပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုနှင့် အဆိုပါမဲမသမာမှုများကို တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့မှု၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကို နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကို ဖော်ဆောင်ပေးနိုင်မည့် စစ်ဘက်၊ အရပ်ဘက်မှ ပုဂ္ဂိုလ်များကို ရွေးချယ်၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု၊ စတင်တာဝန်ထမ်းဆောင်ခဲ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့မှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များနှင့် ပတ်သက်၍ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် ထိန်းထိန်းသိမ်းသိမ်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ခဲ့မှု၊ **အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံတော်တွင် နိုင်ငံရေးအရ အကျပ်အတည်းများဖြစ်ပေါ်နေမှုကို အခွင့်ကောင်းရယူ၍ နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို ကြုံတွေ့လာ**ခဲ့ရမှု၊ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများအနေဖြင့် နေရပ်ဒေသများနှင့် နေအိမ်စည်းစိမ်များကို စွန့်ခွာပြီး အခြားဘေးလွတ်ရာဒေသများတွင် ယာယီသွားရောက်ခိုလှုံနေကြရမှု၊ လက်ရှိအချိန်တွင် အဆိုပါ **လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုတို့ကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိမှု၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက် နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်မှု၊** နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုများ အမြန်ဆုံး ပြန်လည်ရရှိရေးအတွက် စည်းလုံးသောအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**နိုင်ငံ့စီးပွားကောင်းမွန်ရေး အတွက် ပြည်တွင်းကုန်ထုတ် လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် စီးပွားရေးနှင့် ပတ်သက်၍ စီးပွားရေးသည် နိုင်ငံရေးနှင့် ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှသာလျှင် နိုင်ငံရေးလည်း ကောင်းမွန်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများ အားနည်းခဲ့ပြီး ပြည်ပပို့ကုန်နှင့် ပြည်ပသွင်းကုန်များတွင် ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ပြည်ပမှ တင်သွင်းရမှုများ များပြားခဲ့သဖြင့် နိုင်ငံခြားငွေ လိုအပ်ချက်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခင်က ပြည်ပမှရရှိခဲ့သည့် ဝင်ငွေများကို ပြန်လည်စိစစ်ခဲ့ရာတွင် ချေးငွေများ၊ ထောက်ပံ့ငွေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပမှ ဝင်ငွေများရရှိရန်အတွက် နိုင်ငံတွင်းရှိ သယံဇာတများ ထုတ်ယူရောင်းချခြင်းနှင့် ကုန်သွယ်မှုရရှိငွေများဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းများ တတ်နိုင်သမျှ တင်ပို့ခြင်းမရှိခဲ့ဘဲ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းမှ ထွက်ရှိသည့် ထွက်ကုန်များကို အဓိက ပိုမိုတင်ပို့ခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများကို များစွာ သုံးစွဲကုန်ကျရလျက်ရှိကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် ဆီထွက်သီးနှံစိုက်ပျိုးသည့် နိုင်ငံဖြစ်ပြီး မြေပဲနှင့်နှမ်းကို အဓိက စိုက်ပျိုးကြပြီး အခြားဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ သို့သော်လည်း ဆီထွက်သီးနှံများကို ဆီအဖြစ်ထုတ်ယူသုံးစွဲခြင်းထက် ပို့ကုန်များအဖြစ် တင်ပို့ခြင်းနှင့် တိုက်ရိုက်စားကုန်များအဖြစ် စားသုံးခြင်းများကြောင့် ဒေသတွင်း စားသုံးဆီလိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ပြည်တွင်း၌ ဆီထွက်သီးနှံများကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည် ဖြစ်ပြီး စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိနိုင်မည် ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများ၊ ပို့ကုန်ပစ္စည်းများ တိုးမြှင့်ရရှိရေး ဆောင်ရွက်ရာတွင် အခြားပြည်ပနိုင်ငံများမှ ဆောင်ရွက်နေသည့် ခေတ်မီနည်းစနစ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတုယူဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေး ကောင်းမွန်လာမည် ဖြစ်ပြီး ကုန်ဈေးနှုန်းများ ပြန်လည်ကျဆင်းသွားမည် ဖြစ်ကြောင်း၊ အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုများမြှင့်တင်ပေးရန်လိုပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များကိုပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် တောင်သူများအနေဖြင့် ဝင်ငွေများ ပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း၊ အလားတူ ရှမ်းပြည်နယ်ဒေသအတွင်း သစ်ဝါးများ ပေါများစွာ ရှိကြောင်း၊ ထို့ကြောင့် သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိပြီး သစ်နှင့် ဝါးကို အခြေခံသည့် ပျော့ဖတ်များ၊ တန်ဖိုးမြှင့်ပစ္စည်းများကို ထုတ်လုပ်နိုင်ကြောင်း၊ တစ်ဖက်တွင်လည်း သစ်တောပြုန်းတီးမှုများကို ထိန်းသိမ်းဆောင်ရွက်ရန် **စာမျက်နှာ ၇ သို့ ○**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကြီးမြို့ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးပေါ်ရှိ ရှုခင်းသာ View Point မှတစ်ဆင့် တောင်ကြီးမြို့၏ ရှုခင်းများကို ကြည့်ရှုစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးနှင့် ပါမောက္ခများ၊ အထူးကု ဆရာဝန်ကြီးများနှင့် သူနာပြုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အရေးပေါ်ကုသဆောင်တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို ကြည့်ရှု၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက ဆေးရုံ၏ သမိုင်းအကျဉ်း၊ အဆောက်အအုံများ ဆောက်လုပ်ထားရှိမှုနှင့် လူနာဆောင်သစ်များ ဆောက်လုပ်ထားရှိမှု၊ ကင်ဆာရောဂါကုသရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လအလိုက် ဆေးကုသမှုလုပ်ငန်းများဆောင်ရွက်နေမှု၊ အထူးကြပ်မတ်ကုသမှုများ ဆောင်ရွက်နိုင်မှု၊ ခွဲစိတ်မှန်လုပ်ငန်းများဆောင်ရွက်နိုင်မှု၊ ခွဲစိတ်ရောင်ခြည်ကုသမှုများ ဆောင်ရွက်နိုင်မှုနှင့် ကင်ဆာကုသခြင်းလုပ်ငန်းအတွက် စက်ကိရိယာများထပ်မံလိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည့်စက်ကိရိယာများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းများအသုံးပြု၍ ကုသမှုများဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ဆေးရုံများ အနက် လိုအပ်ချက်ရှိသည့် ဆေးရုံများကို အဆင့်မြှင့်တင်မှုများနှင့် တိုးချဲ့မှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း နယ်မြေအတွင်း နေထိုင်သည့် ပြည်သူများ၏ လူဦးရေကို တွက်ချက်၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆေးရုံတိုးချဲ့တည်ဆောက်ရန်အတွက် လိုအပ်သည့် မြေနေရာများကိုလည်း စဉ်းစား ဆောင်ရွက်ရန်လိုကြောင်း၊ ဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းများ၏ နေအိမ်များ ထည့်သွင်း တည်ဆောက်ပေးထားရန်လိုကြောင်း၊ ဆေးရုံများအတွက် လိုအပ်သည့် ပါရဂူများကိုလည်း ခန့်အပ် တာဝန်ပေးရမည်ဖြစ်ကြောင်းပြောကြား၍ ဆေးရုံ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်သူတိုင်း ကျန်းမာရန်လိုကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ ငယ်ရွယ်စဉ်ကတည်းကပင်အခြေခံကောင်းများ ရှိရန်လိုကြောင်း၊ ထို့ကြောင့် အစားအသောက်မှအစ ဂရုတစိုက် ဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ စနစ်တကျဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆေးရုံများသည်ပြည်သူများအတွက်အားကိုးဖွယ်ရာဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြောဆိုဆက်ဆံမှုမှအစ ကုသစောင့်ရှောက်မှုအပိုင်းများတွင်ပါ စနစ်တကျရှိစေလိုကြောင်း၊ ဆေးရုံသည် ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် နေရာတစ်ခုဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်နေရန်လိုကြောင်း၊ အညစ်အကြေးစွန့်သည့်စနစ်များကိုလည်း အနံ့အသက်များ ကင်းရှင်းစေရေး ဆောင်ရွက်ရန်လိုကြောင်း။

**အားကိုးသည့်စိတ်များ ဖြစ်ပေါ်အောင်ဆောင်ရွက်**

ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေသူများ ဖြစ်သဖြင့် ဝတ်စားဆင်ယင်မှုများကောင်းမွန်နေရန် လိုကြောင်း၊ ဆေးရုံသို့ လာရောက်ကုသသည့်ပြည်သူများအနေဖြင့် မိမိတို့ဆေးရုံသို့ လာရောက်ချိန်တွင် အားကိုးသည့်စိတ်များ ဖြစ်ပေါ်အောင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ကုသမှု ပေးရာတွင်လည်း ကောင်းမွန်စွာဖြင့် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဆေးရုံတက်ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့် အစာအာဟာရများရရှိစေရေး စီမံဆောင်ရွက်ပေးရန် လိုကြောင်း၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်မှုအဆင်ပြေရေး အတွက်လည်း တတ်နိုင်သလောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်ပြီး ပြည်သူများက အားကိုးရသည့် ကျန်းမာရေးဝန်ထမ်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စဝ်စံထွန်းဆေးရုံကြီး အဆောက်အအုံများ၊ စက်ပစ္စည်းများနှင့်ပတ်သက်သော မှတ်တမ်းစာအုပ်များအား ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် စဝ်စံထွန်းဆေးရုံကြီး အဆောက်အအုံများ၊ စက်ပစ္စည်းများနှင့် ပတ်သက်သော မှတ်တမ်းစာအုပ်များအား ကြည့်ရှုပြီး တာဝန်ရှိသူများအား မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းရန် မှာကြားသည်။

အဆိုပါစဝ်စံထွန်းဆေးရုံကြီးကို ၁၉၅၇ ခုနှစ်တွင် ဝန်ထမ်းတပ်မဟာ အမှတ်(၁) (Rehabilitation Brigade No.1)မှ တပ်ရင်းမှူး ဗိုလ်မှူးချုပ်မောင်လွင် (B.Sc Engineering)က ဦးဆောင်၍ ရုရှား-မြန်မာ ချစ်ကြည်ရေးအတွက် ရည်ရွယ်ကာ ဆိုဗီယက်ပြည်ထောင်စုနိုင်ငံ၏ စီးပွားရေးနှင့် ကျွမ်းကျင်သူပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆောက်အအုံ

**စာမျက်နှာ ၇ သို့ ★**

★ စာမျက်နှာ ၆ မှ

အားလုံးအတွက် ငွေကျပ်သိန်း ၄၀ ကုန်ကျခဲ့ပြီး ၁၉၆၁ ခုနှစ် ဇွန်လတွင် စဝ်စံထွန်းဆေးရုံကြီးအား စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ပထမဦးဆုံး ဆေးရုံအုပ်ကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သူမှာ ဒေါက်တာစဝ်နော်ခမ်း ဖြစ်ပြီး ရှမ်းပြည်နယ်တွင် တစ်ခုတည်းသောဆေးရုံကြီး ဖြစ်ခဲ့ကြောင်း၊ စတင်ဖွင့်လှစ်ခဲ့ချိန်တွင် ခုတင်-၂၀၀ ဆံ့ ဆေးရုံဖြစ်သော်လည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ခုတင်-၅၀၀ ဆံ့ ဆေးရုံကြီးအဖြစ် တိုးမြှင့် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက ရှင်းလင်းတင်ပြစဉ်။

❍ စာမျက်နှာ ၅ မှ

လိုကြောင်း၊ အခြားတွင်းထွက်ပစ္စည်းများဖြစ်သည့် ကျောက်မီးသွေးထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ပိုင်ဆိုင်ထားကြောင်း။

**ပညာရေးနှင့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးရေး**

ထိုကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဒေသအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝရန်လည်း လိုသဖြင့် ပညာရေးကိုအားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ အချို့ကျောင်းများ၊ တက္ကသိုလ်များနှင့် ကောလိပ်များသည် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ပိတ်ထားရကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်အားလုံး အနည်းဆုံး KG + 9 အဆင့်အထိ တက်ရောက် အောင်မြင်ရန်လိုကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့်အထိ သင်ယူပြီးပါက ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အတတ်ပညာများကို ဆက်လက် သင်ယူနိုင်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသည့် ကျောင်းသားကျောင်းသူများ အားလုံးကိုလည်း အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာတတ်များဖြစ်မှသာ ၎င်းတို့၏အနာဂတ် တိုးတက်ကောင်းမွန်မည် ဖြစ်သကဲ့သို့ အတွေးအခေါ်များ ကောင်းမွန်လာပြီး စဉ်းစားဆင်ခြင်တုံတရားများလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ယခင်က အတန်းပညာ အားနည်းခဲ့သူများ ဗဟုသုတနှင့် အသိပညာများရရှိ နိုင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပညာမြင့်မားရေးသည် နိုင်ငံတိုးတက်ရေးပင်ဖြစ်သဖြင့် အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင် အနာဂတ်နိုင်ငံတော်ကို ဦးဆောင် တည်ဆောက်ကြမည့် အနာဂတ် လူသားအရင်းအမြစ်များအနေဖြင့် စည်းကမ်းစနစ်တကျရှိသည့် လူငယ်များဖြစ်ရန်လည်း လိုကြောင်း၊ **“အမျိုးသားစည်းကမ်း အစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း ကျောင်းသား ကျောင်းသူများအနေဖြင့် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ဦးစွာခံယူခဲ့ရသူများ ဖြစ်ကြောင်း၊ ငယ်စဉ်က အတန်းပြီးဆုံးအောင် တက်ရောက်ခဲ့ကြသူ များမှာ စည်းကမ်းစနစ်တကျဖြင့် နေထိုင်တတ်သူများဖြစ်သကဲ့သို့ ပညာကိုလည်း တတ်မြောက်အောင်မြင်နိုင်ကြသူများဖြစ်ကြောင်း၊ ဥပဒေ၏အခြေခံမှာ စည်းကမ်းပင်ဖြစ်ပြီး အခြေခံဥပဒေဆိုင်ရာ အသိအမြင်များရရှိစေရေး ပညာပေးမှုများနှင့် ထိန်းကျောင်းမှုများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် စည်းကမ်းစနစ်ကျနသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းကို ပုံဖော်ပေးရန်လိုပြီး ဥပဒေကို လူတိုင်းသိရှိလိုက်နာရမည် ဖြစ်ကြောင်း၊ ထို့ကြောင့်ကျောင်းသားကျောင်းသူများအနေဖြင့် ဥပဒေပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ သိရှိနားလည်နိုင်ရေး တက္ကသိုလ်များတွင်ဥပဒေပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ KG+ 11 နှင့် KG+12 တို့ရှိ ကျောင်းသားကျောင်းသူများကိုလည်း ဥပဒေဆိုင်ရာအခြေခံများကို သိရှိနိုင်ရေး ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍လည်း ဆေးရုံများ အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆေးရုံများအားလုံးတွင် ဆရာဝန်များရှိစေရေး ဆောင်ရွက်ပေးထားကြောင်း၊ ဆေးရုံသုံးပစ္စည်းများ လုံလောက်စွာ ရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည် ဖြစ်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်၍ ဂရုစိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးနှင့် ဆက်စပ်၍ အားကစားကဏ္ဍ တိုးတက်မှုရှိစေရေးအတွက်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**ပြည်သူ့လုံခြုံရေး**

လုံခြုံရေးနှင့်ပတ်သက်၍ ဒေသအတွက် ကောင်းရာကောင်းကျိုးဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သတင်းပေးသည့်စနစ်ကို ဖော်ဆောင်ခြင်းအားဖြင့် ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်း၊ ပြည်သူများတစ်ဦးချင်းနှင့် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ လုံခြုံရေးအသိတရားဖြင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးအတွက် များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံကောင်းအောင် ဆောင်ရွက်ခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် မိမိတို့ကို ပေးအပ်ထားသည့် တာဝန်များ ထမ်းဆောင်ရာတွင် ချမှတ်ထားသည့် ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာပြီး နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန် ထမ်းဆောင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသများမှ တစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး တတ်စွမ်းသရွေ့ ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

**ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို**

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် စေတီတော်မြတ်ကြီးပေါ်ရှိ ရှုခင်းသာ View Point မှတစ်ဆင့် တောင်ကြီးမြို့၏ ရှုခင်းများကိုကြည့်ရှုကာ တောင်ကြီးမြို့ရှိ သဘာဝအရင်းအမြစ်များ မပျောက်ပျက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက နတ်တလင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)

# မြန်အောင်ခရိုင်အဆင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း (နည်းပြ)သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**မြန်အောင် စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်အောင်မြို့နယ်ပညာရေးမှူးရုံး ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြန်အောင်ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ (ကိုယ်စား) ခရိုင်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြန်အောင်ခရိုင်ဦးစီးမှူး ဦးတင်မြိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုမည့် Tablet နှင့် ဆက်စပ်ပစ္စည်းများ၊ သင်တန်းလမ်းညွှန်စာအုပ်များအား ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ(ကိုယ်စား) မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမြင့်ကျော်နှင့် တာဝန်ရှိသူများက



သင်တန်းသားများအား ပေးအပ်ပြီး သင်တန်းကို စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်အထိ နည်းပြဆရာသုံးဦးမှ သင်တန်းသား သင်တန်းသူ ၃၃ ဦးတို့အား စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်အောင်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်အမှာစကား ပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့ဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ရေးဆွဲခြင်းကို အစည်းအဝေး အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး ဗဟိုအဖွဲ့ဝင် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ အကြံပြုချက်များ ပေးပို့ခဲ့မှုအပေါ် အပြန်ပြန်အလှန်လှန် စိစစ်သုံးသပ်၍ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ မူကြမ်းကို ရေးဆွဲခဲ့ရာ ယခု နောက်ဆုံးသတ္တမမူကြမ်း ရရှိပြီး ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁)မှ(၄)အထိ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွင့်လှစ်ပြီးခဲ့သည့် သင်တန်းများနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ အနေဖြင့် ရည်မှန်းချက် ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အုပ်ချုပ်မှု လျော့နည်းဖြစ်စဉ် အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့များအနေဖြင့် ကိုယ်လက်အင်္ဂါချို့ယွင်းသူများ၊ မျက်မြင်အနေအထားအရပြည်သူ့စစ်မှုထမ်း သင်တန်းတက်ရောက်ရန် မကိုက်ညီသူများ၊ ပြည်သူ့စစ်မှုထမ်း ဥပဒေအရ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်ရရှိမည့်သူများအား ဆင့်ခေါ်ခြင်းမပြုမိစေရန်လည်း အထူးဂရုပြုကြရန်လိုမည် ဖြစ်ပါကြောင်း၊ မျက်မြင်အားဖြင့် ပဏာမစိစစ်ရမည့် အချက်များကိုလည်း နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသို့ ဖြန့်ဝေပေးထားပြီး ဖြစ်ပါကြောင်း။

ပြည်သူ့ စစ်မှုထမ်းများအား သင်တန်း တက်ရောက်ရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်စုရပ်များမှ တစ်ဆင့် သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီးသို့ ပို့ဆောင်ရပါကြောင်း၊ အချို့သော တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ကုန်းလမ်း၊ ရေလမ်းဖြင့် ပို့ဆောင်ရန်ခက်ခဲသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်များဖြင့် ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်း သင်တန်း လေးပတ်စဉ် ဖွင့်လှစ်ခဲ့ပြီးချိန်တွင် စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များ၊ ဆေးစစ်ခြင်း လုပ်ငန်းစဉ်များ၊ သင်တန်းသားများလက်ခံခြင်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အားသာချက်/အားနည်းချက်များ ရှိမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၊ တက်ရောက်လာကြသည့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအလုပ်အဖွဲ့များ အနေဖြင့် ၎င်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများက ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်ဆိုင်ရာကိစ္စများ၊ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အသိပညာပေးဆောင်ရွက်မှုအခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဥက္ကဋ္ဌများက စစ်မှုထမ်းဆင့်ခေါ်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် တွေ့ကြုံရသည့် အားသာချက်/အားနည်းချက်များကိုလည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အလုပ်အဖွဲ့များက သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များသည် ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်၊ ဥပဒေအရ သတ်မှတ်ထားသည့် အသက်မပြည့်သူများမပါရှိစေရေး အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကင်းလွတ်၊ လျှော့ပေါ့၊ ရွှေ့ဆိုင်းခွင့်များနှင့် ပတ်သက်၍ ဗဟိုအဖွဲ့သို့ အချိန်မီတင်ပြနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ သို့မှသာ ဗဟိုအဖွဲ့အနေဖြင့် ဥပဒေအရ ခွင့်ပြုပေးနိုင်မည့် သူများအား သင်တန်းမစမီ ခွင့်ပြုပေးနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာအလုပ်အဖွဲ့များက ပြည်သူ့စစ်မှုထမ်း ကိုယ်ရေးအချက်အလက် စီမံခန့်ခွဲမှုစနစ် (National Service Information Management System– NSIMS) နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ၎င်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုပါကြောင်း။

ပြည်သူ့စစ်မှုထမ်း သင်တန်း အပတ်စဉ်(၅/၂၀၂၄)ကို မကြာမီ ကာလအတွင်း ဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်း၊ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ အနေဖြင့် ယခင်ကြုံတွေ့ခဲ့ရသည့် အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ပြီး သတ်မှတ်ထားသော စံပြု လုပ်ထုံးလုပ်နည်းများနှင့် အညီ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အလုံခရိုင် သန်းခေါင်စာရင်းကော်မတီ ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်ကြည့်ရှုစစ်ဆေး

**အလုံ စက်တင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင် သန်းခေါင်စာရင်းကော်မတီ ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက အလုံခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း တော်ဝင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ သင်တန်းသားများမှ တစ်ဦးချင်းမိတ်ဆက်ပြောကြားခြင်းနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

သင်တန်းကို စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်အထိ ၁၀ ရက်ကြာ နည်းပြသုံးဦး၊ သင်တန်းသား ၁၅ ဦးဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ခရိုင်သန်းခေါင်စာရင်းကော်မတီ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့သည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင် သန်းခေါင်စာရင်းကော်မတီ ခရိုင်အဆင့် နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တက်ရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နိုင်ငံရေးပါတီ ( ၂၅ ) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ( ၁ ) ရက်**
**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ( ၃ ) ရက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၂)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၄ နှင့် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၄ တို့ဖြင့် The Myanmar National Democratic Alliance Army (MNDAA)၊ Ta’ang National Liberation Army (TNLA) နှင့် United League of Arakan (ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့များအား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါအကြမ်းဖက်အုပ်စုများသည် အများပြည်သူ၏ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်၊ အရေးကြီးသော အခြေခံအဆောက်အအုံများ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာ၊ အသုံးအဆောင်ပစ္စည်းများ၊ လမ်းတံတားများ၊ လျှပ်စစ်တာဝါတိုင်များ၊ လူနေထူထပ်သည့် မြို့ရွာများအား ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ အဝေးမှ လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ ရဟန်းသံဃာ/ ပြည်သူများကို သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ပါသည်။

၃။ ၎င်းအပြင် တက္ကသိုလ်/ကောလိပ်/ စာသင်ကျောင်းများအား ဖျက်ဆီးခြင်း၊ ဆရာ/ ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများအား ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများသည် နိုင်ငံတော်၏အနာဂတ်ကို ရိုက်ချိုးဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များကို ဆုံးရှုံးစေပါသည်။

၄။ ဤကဲ့သို့စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများအား လူမှုဒုက္ခများ ဖြစ်ပေါ်အောင် ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်လုပ်ဆောင်မှုများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံရေးပါတီများက ပူးတွဲသဘောထားကြေညာချက်များထုတ်ပြန်၍ အစဉ်တစိုက် ဆန့်ကျင်ကန့်ကွက်ရှုတ်ချမှုများ ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ MNDAA ၊ TNLA နှင့် AA လက်နက်ကိုင်အဖွဲ့များကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်းအား သန်းပေါင်းများစွာသော ပြည်သူများကိုယ်စား မိမိတို့နိုင်ငံရေးပါတီများက အပြည့်အဝ ထောက်ခံပါကြောင်းနှင့် အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို ထာဝရဆန့်ကျင်သွားမည်ဖြစ်ကြောင်း အောက်တွင်လက်မှတ်ရေးထိုး ပူးတွဲသဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းငွေ | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၃။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၄။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို၊တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၅။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၆။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၇။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၈။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၁၉။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၂၀။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၁။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၂။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၃။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၄။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၅။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |

## ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၃**

တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ဟူသော ဦးတည်ချက်ဖြင့် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါပြိုင်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်စိုးသန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင် မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အုပ်စု(ခ) ပွဲစဉ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကော့သောင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့သောင်း စက်တင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာညံ့ပါဒကျေးရွာသို့ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၎င်းကျေးရွာတွင် စိုက်ပျိုးရေး ၂၀၊ ရေလုပ်ငန်း ၁၉ ဦး၊ အရောင်းအဝယ် ၂၅ ဦး၊ မွေးမြူရေး ခြောက်ဦး၊ အသက်မွေးဝမ်းကျောင်းတစ်ဦး၊ စုစုပေါင်းအသင်းသားဦးရေ ၆၁ ဦးကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

# နည်းပညာရေစီးကြောင်းနှင့် သတိပြုဖွယ် AI အန္တရာယ်

ရွှေစင်

ဉာဏ်ရည်တု AI (Artificial Intelligence) နည်းပညာက အရှိန်အဟုန်ဖြင့် တိုးတက်လာနေသည်။ သို့သော် AI ကို မကောင်းသည့်ရည်ရွယ်ချက်ဖြင့် အသုံးပြုသည့်လူက အများစုဖြစ်သည့်အတွက် လူသားတစ်ရပ်လုံးအတွက် စိုးရိမ်ဖွယ်ရာခြိမ်းခြောက်မှုများ တိုးပွားလာပြီး အန္တရာယ်သတိပေးသံများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာနေသည်ကို သတိထားမိလာကြသည်။ AI နည်းပညာဖြင့် ဗီဒီယို၊ ဓာတ်ပုံအတုများက လူတို့၏ ထင်မြင်ယူဆချက်များကို ပြောင်းလဲလာအောင် လှည့်စားနိုင်သလို လူငယ်များ အထူးသဖြင့် မိန်းကလေးငယ်များအတွက် ကြီးမားသည့်အန္တရာယ်ကို ဖြစ်ပေါ်စေနိုင်သည့်အခါ အရာရာတိုးတက်မှုနှင့် စိန်ခေါ်မှုက ဒွန်တွဲစမြဲပင်ဖြစ်သည်ကို ဆင်ခြင်ရတော့မည်ဖြစ်ပါသည်။



## AI ၏ သားကောင်ဖြစ်ခဲ့ရသည့် ကျွန်မမိတ်ဆွေ

ကျွန်မ၏ မိတ်ဆွေ မိန်းကလေးတစ်ယောက်၏ ဖွင့်ဟချက်ကို နားထောင်ခံစားလိုက်ရသည်က သက်သေပင်ဖြစ်သည်။ ထိုမိတ်ဆွေက သူ့အခက်အခဲတစ်ခုကို စိုးရိမ်တကြီး ဖွင့်ဟလာခြင်းဖြစ်သည်။ ကံမကောင်းစွာဖြင့် ၎င်းသည် AI ၏ ပစ်မှတ်ဖြစ်ခဲ့ရသည်။ ၎င်း၏မျက်နှာကို အသုံးပြုပြီး လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုလုပ်သည့် ဓာတ်ပုံများကို ဖန်တီးထားကြောင်း၊ ၎င်းပုံများကို သူ့ထံ Messenger မှ ပေးပို့ပြီး Facebook ပေါ်တင်မည်၊ Facebook ပေါ်မတင်စေလိုပါက ငွေပေးရမည်ဖြစ်ကြောင်း ခြိမ်းခြောက်လာခြင်းဖြစ်သည်။ ၎င်းပုံများသည် နည်းပညာနှင့် မကျွမ်းဝင်သည့် သာမန်လူတို့အဖို့ ယုံကြည်စဖွယ် လှည့်စားထားမှုများပင်ဖြစ်သည်။

သူက မိဘများထံ အကူအညီတောင်းခဲ့သော်လည်း နည်းပညာမကျွမ်းသည့် မိဘများကမယုံ။ မသမာသူများမှ ပေးပို့သော ဓာတ်ပုံများကိုပင် အမှန်ဟုပင် ယူဆပြီး အထင်အမြင်လွဲခံနေရကြောင်း ရင်ဖွင့်လာခြင်းဖြစ်သည်။ မိမိမလုပ်သည်ကို ငြိမ်မခံနေရန်နှင့် ပေးပို့သူ၏ Facebook Account နှင့်တကွ ပေးပို့ထားသော chat box မှ စာများကိုပါ Facebook ပေါ်မှာ ပြန်လည်တင်ပြီး ချက်ချင်းဖြေရှင်းရန် ကျွန်မက အကြံပြုခဲ့သည်။ မိတ်ဆွေ၏ မိဘများကိုလည်း ကျွန်မကိုယ်တိုင် AI နှင့် မည်သို့မည်ပုံ ဓာတ်ပုံပြုလုပ်၍ရသည်ကို လက်တွေ့ပြသပြီး ပြန်လည်ဖြေရှင်းပေးခဲ့ရပါသည်။ ဤကား ကျွန်မသူငယ်ချင်း၏ အတွေ့အကြုံတစ်ခုပင် ဖြစ်သည်။

ကျွန်မသည် AI ကို စိတ်ဝင်စားသူပီပီ AI ၏ အသုံးဝင်ပုံများနှင့် အသုံးပြုနည်းများကို အဆက်မပြတ် လေ့လာနေသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် နည်းပညာ၏ ကောင်းကျိုး၊ ဆိုးကျိုးများနှင့်အတူ အလားတူဖြစ်ရပ်မျိုးများစွာကို အင်တာနက်စာမျက်နှာများပေါ်တွင် မကြာခဏ အကဲခတ်မိပါသည်။ ယနေ့ခေတ်တွင် နည်းပညာတိုးတက်မှု မြင့်မားလာသည်နှင့်အမျှ လူသားများ၏ လူနေမှုဘဝတွင် လွှမ်းမိုးထိခိုက်နိုင်သည့် အခြေအနေများ ကြုံတွေ့လာရသည်ကို မှန်းဆနိုင်ပါသည်။

ယနေ့ခေတ် အဆင့်အမြင့်ဆုံး နည်းပညာတစ်ခုဖြစ်နေသည့် AI သည် လူတို့၏ နေ့စဉ်ဘဝကို တိုးတက်ကောင်းမွန်အောင် အပြောက်အမြား ဖန်တီးပေးနေသော်လည်း သတင်းအချက်အလက် ခိုးယူမှု၊ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှု၊ ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှုများ ယခင်ကထက် ပိုများပြားလာသည်ကို သတိထားမိသည်။ AI သည် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အိပ်မက်ဆိုးများကိုပါ သယ်ဆောင်လာပြီဖြစ်သည်။ မကောင်းသည့်ရည်ရွယ်ချက်များတွင် အသုံးချမှုကြောင့် ဖြစ်ပေါ်လာသည့်ဆိုးကျိုးများကို တင်ပြလိုပါသည်။

## ဆိုရှယ်မီဒီယာမှာ ဘယ်လိုအသုံးချသလဲ

**AI နည်းပညာသည် လူသားများ၏ နေ့စဉ်ဘဝတွင် များစွာတွင်ကျယ်လာနေသည်။ ယနေ့ခေတ် လူသုံးအများဆုံး Smart Phone နှင့် ကွန်ပျူတာများတွင် AI နည်းပညာက အဓိကကျကျ နေရာယူလာနေပြီဖြစ်သည်။ AI သည် အသုံးပြုသူ၏ စိတ်ဝင်စားမှု၊ အပြုအမူနှင့် ယုံကြည်ချက်များအပေါ် မူတည်၍ လူ့စိတ်ကို ထိန်းချုပ်နိုင်စွမ်းရှိသည်။ AI က အသုံးပြုသူကျင်လည်ရာ ဆိုရှယ်မီဒီယာအပေါ်တွင် ဘယ်အကြောင်းအရာများကို အများဆုံးကြည့်သလဲ၊ ဘယ်အရာကို အများဆုံး Like ပေးသလဲ၊ ဘယ်လို Comment ပေးသလဲ စသည်တို့ကို မှတ်သားထားပြီး မိမိတွင် ဘယ်လို အယူအဆ၊ ဘယ်လိုစရိုက်ရှိသည်ဆိုတာမျိုးအထိ ခွဲခြမ်းစိတ်ဖြာနိုင်သည်အထိ အဆင့်မြင့်လာနေသည်။**

ဥပမာ မိမိနှစ်သက်ရာ အဝတ်အထည်၊ အစားအသောက်၊ အားကစား၊ နည်းပညာ စသည့်တစ်မျိုးမျိုးကို အများဆုံးကြည့်ရှုသူဖြစ်ပါက မိမိ၏ ဆိုရှယ်မီဒီယာတွင် ၎င်းအကြောင်းအရာများသာ အများဆုံး တွေ့မြင်ရမည်ဖြစ်သည်။ အကြောင်းကား မိမိနှစ်သက်ရာ သတင်းအချက်အလက်များကို စနစ်တကျ သိမ်းဆည်းထားပြီး ကိုယ်က မသိလိုက်ခင်မှာပင် ဘယ်လိုအယူအဆရှိသည်ဆိုတာကို AI က ခွဲခြမ်းစိတ်ဖြာပေးထားခြင်းကြောင့်ဖြစ်သည်။

> ❝ deepfake ဟုခေါ်သည့် AI နည်းပညာတစ်မျိုးသည် ဗီဒီယို၊ ဓာတ်ပုံများသာမက ဗီဒီယို call များမှာပါ အသုံးပြုခံရသူ၏ မျက်နှာနှင့်အသံကိုပါ အစားထိုးအသုံးပြုနိုင်သည့် နည်းပညာတစ်မျိုးဖြစ်သည်။ ၎င်းနည်းပညာကိုအသုံးပြုပြီး သတင်းအမှားများ၊ လိမ်လည်မှုများ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များခိုးယူ၍ မသမာမှုများပြုလုပ်နိုင်ပြီး လူအများ၏ ထင်မြင်ယူဆချက်များနှင့် လူမှုဘဝအပေါ် ကြီးမားသောဆိုးကျိုးများ သက်ရောက်စေသည်။ အသုံးပြုသူလိုလားရာ ဆန္ဒမဲပေးခြင်းနှင့် နိုင်ငံရေးယူဆချက်များကိုလည်း ထိန်းချုပ်နိုင်စွမ်းရှိလာသည်။ ဥပမာ နိုင်ငံရေးဝါဒဖြန့်မှုများတွင် ပြိုင်ဘက်နှင့်သက်ဆိုင်သည့် သတင်းအမှားများဖြန့်ဝေရာတွင် ရည်ရွယ်ချက်ရှိရှိ အသုံးပြုခြင်းဖြစ် ❞

**deepfake ဟုခေါ်သည့် AI နည်းပညာ တစ်မျိုးသည် ဗီဒီယို၊ ဓာတ်ပုံများသာမက ဗီဒီယို call များမှာပါ အသုံးပြုခံရသူ၏ မျက်နှာနှင့်အသံကိုပါ အစားထိုးအသုံးပြုနိုင်သည့် နည်းပညာတစ်မျိုးဖြစ်သည်။ ၎င်းနည်းပညာကိုအသုံးပြုပြီး သတင်းအမှားများ၊ လိမ်လည်မှုများ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များခိုးယူ၍ မသမာမှုများပြုလုပ်နိုင်ပြီး လူအများ၏ ထင်မြင်ယူဆချက်များနှင့် လူမှုဘဝအပေါ် ကြီးမားသောဆိုးကျိုးများ သက်ရောက်စေသည်။ အသုံးပြုသူလိုလားရာ ဆန္ဒမဲပေးခြင်းနှင့် နိုင်ငံရေးယူဆချက်များကိုလည်း ထိန်းချုပ်နိုင်စွမ်းရှိလာသည်။ ဥပမာ နိုင်ငံရေးဝါဒဖြန့်မှုများတွင် ပြိုင်ဘက်နှင့် သက်ဆိုင်သည့် သတင်းအမှားများဖြန့်ဝေရာတွင် ရည်ရွယ်ချက်ရှိရှိ အသုံးပြုခြင်းဖြစ်သည်။**

အသုံးပြုသူများသည် ၎င်းတို့ကို အမှန်ဟု ယူဆလိုက်ခြင်းကြောင့် ရွေးကောက်ပွဲတွင် ဆန္ဒမဲအပြောင်းအလဲကိုဖြစ်ပေါ်စေနိုင်သည်။ ဥပမာ အမေရိကန်နိုင်ငံ၊ နယူးဟမ်းရှိုင်းယားပြည်နယ်ရှိ မူလတန်းကျောင်းသို့ သမ္မတ ဘိုင်ဒင် အယောင်ဆောင်ကာ ဒီမိုကရက်များကို မဲမပေးရန် AI က ဖန်တီးထားသော ဖုန်းခေါ်ဆိုမှုမျိုးရှိခဲ့သည်။ သမ္မတဟောင်း ထရမ့် ကိုယ်တိုင် AI ဖန်တီးထားသော ဆိုဗီယက်ယူနီယံကွန်မြူနစ်တံဆိပ်ပါသော အလံနှင့်အတူ လူထုကြားတွင် မိန့်ခွန်းပြောနေသည့် ဒုတိယသမ္မတ ဟဲရစ်၏ပုံကို ၎င်း၏ X အကောင့်တွင် ဖော်ပြထားသည်။ ထို့ကြောင့် ၂၀၂၄ အမေရိကန်ရွေးကောက်ပွဲကို “အမေရိက၏ ပထမဆုံး AI ရွေးကောက်ပွဲ” ဟူ၍ပင် တင်စားပြောစမှတ်ပြုလာကြသည်။

**AI နည်းပညာဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ အသံကိုပွားယူပြီး ဗီဒီယိုများဖန်တီးနိုင်ခြင်းကြောင့် နိုင်ငံရေးသမားများ သို့မဟုတ် ထင်ရှားကျော်ကြားသူများ၏ အသံများ၊ ရုပ်ပုံများသည် ပစ်မှတ်များ အလွယ်တကူဖြစ်လာကြသည်။ ရုရှား-ယူကရိန်းစစ်ပွဲတွင် ယူကရိန်းဘက်မှ ထောက်ခံမည့်မှုကြမ်းကို သမ္မတ ဂျိုးဘိုင်ဒင်က ထုတ်ပြန်ကြေညာသည့် ဗီဒီယိုအတုတစ်ခု ထွက်လာခဲ့ဖူးသည်။ ကမ္ဘာကျော်အနုပညာရှင်များ၏ မျက်နှာနှင့် အသံများကို အသုံးပြုကာ လူမျိုးရေးခွဲခြားသည့် ဗီဒီယိုတစ်ခုကို ဆိုရှယ်မီဒီယာပေါ်တွင်ဖော်ပြထားသည်ကိုသိခဲ့ရဖူးသည်။**

ထို့ကြောင့် သားကောင်ဖြစ်ရရှာသော အနုပညာရှင်များအနေဖြင့် သူတို့၏ ကိုယ်ပိုင်အကောင့်များမှ ချက်ချင်းပြန်လည်ဖြေရှင်းမှုများ ပြုလုပ်ခဲ့ရသည်။ ထိုကဲ့သို့ AI ကို တလွဲအသုံးချမှုများက ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်နှင့် အများပြည်သူ၏ ထင်မြင်ယူဆချက်နှင့် ယုံကြည်မှုကို များစွာထိခိုက်စေပါသည်။ ထို့ပြင် AI အခြေပြု ဆိုက်ဘာတိုက်ခိုက်မှုများကြောင့် နိုင်ငံ၏ လုံခြုံရေးစနစ်များကိုပင် ထိခိုက်စေနိုင်ပြီး အချို့သော နိုင်ငံများအကြား ပဋိပက္ခများကိုပင် ဖြစ်နိုင်သည်အထိ ဆိုးကျိုးများကိုလည်း တွေ့လာရသည်။ (ဥပမာ- ရုရှား-ယူကရိန်းစစ်ပွဲတွင် AI ဖြင့်လှည့်စားခြင်း)

## ဓာတ်ပုံ၊ ဗီဒီယိုအတုပြုလုပ်၍ စီးပွားရေးတွင် နစ်နာဆုံးရှုံးမှုများ

ဘဏ္ဍာရေးကုမ္ပဏီများတွင် Deepfake နည်းပညာကို အသုံးပြု၍ လိမ်လည်မှုများ ဖြစ်ပွားခဲ့ပုံကို တင်ပြလိုပါသည်။ ငွေကြေးလိမ်လည်သူများသည် ဟောင်ကောင်ကုမ္ပဏီ၏ဘဏ္ဍာရေးအရာရှိချုပ်အပါအဝင် အရာရှိများအဖြစ် ဟန်ဆောင်ကာ ကုမ္ပဏီ၏ ငွေစာရင်းကိုင်ဝန်ထမ်းထံ အွန်လိုင်းအစည်းအဝေး တက်ရောက်မည့် အီးမေးလ်ကို ကြိုတင်ပေးပို့ခဲ့ပြီး အစည်းအဝေးတွင် Deepfake နည်းပညာ အသုံးပြု၍ ဘဏ္ဍာရေးအရာရှိချုပ်နှင့် အခြားအရာရှိများ၊ ဝန်ထမ်းများ၏ မျက်နှာပုံစံနှင့်အသံတို့ကို အစစ်အတိုင်း ဖန်တီးပြီး စာရင်းကိုင်ဝန်ထမ်းအား ၎င်းတို့၏ ဘဏ်အကောင့်ထဲသို့ ငွေကြေးများကို လွှဲပြောင်းပေးရန် ညွှန်ကြားခဲ့သည်။

**ဝန်ထမ်းက အတုကို အစစ်ထင်ခဲ့ပြီး လိမ်လည်သူများခိုင်းသည့်အတိုင်း USD$ ၂၅.၆ သန်းနီးပါးကို လွှဲပြောင်းပေးလိုက်သည်။ အချို့သော ဟက်ကာများသည် ကုမ္ပဏီအရာရှိကြီးများ၏ အီးမေးလ်အကောင့်များကို ရယူပြီး အီးမေးလ်မှတစ်ဆင့် ကုမ္ပဏီ၏ လျှို့ဝှက်စီမံကိန်းများ၊ ကုမ္ပဏီဝန်ထမ်းနှင့် အရာရှိကြား နှစ်ဦးသာသိရှိရန် လျှို့ဝှက်ပြောကြားစေပြီး ၎င်းထံ ငွေလွှဲစေခြင်းများဖြစ်သည်။ အစီရင်ခံစာများအရ AI နည်းပညာနှင့် ဆက်စပ်သောလိမ်လည်မှုများကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာသန်း ၄၂၀ နီးပါး ဆုံးရှုံးနစ်နာမှုများ ရှိနေကြောင်း သိရှိလိုက်ရသည်။ ၎င်းအချက်က AI နည်းပညာအသုံးပြုမှုအပေါ် ပို ပြီး သတိရှိရန်နှင့် လုံခြုံရေးစနစ်များကို ပိုမိုခိုင်မာစွာကျင့်သုံးရန် လိုအပ်ပုံကို ပြသနေပါသည်။**

## အလုပ်အကိုင်အခွင့်အလမ်းအပေါ် သက်ရောက်မှု

Space X နှင့် Tesla ကုမ္ပဏီပိုင်ရှင် အီလွန်မက်နှင့် အခြားသော နည်းပညာရှင် ၁၀၀၀ ကျော်က AI နည်းပညာ စမ်းသပ်မှုများကို နှောင့်နှေးအောင် လုပ်ဆောင်ရတော့မည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ်တွင် ပြောကြားခဲ့ဖူးပါသည်။ အကြောင်းကား AI နည်းပညာ၏ တစ်ဟုန်ထိုးကျယ်ပြန့်မှုနှင့် ဘယ်လောက်အထိ အန္တရာယ်ရှိနိုင်သလဲဟူသည့် အတိုင်းအတာပမာဏကို မသိရှိနိုင်ခြင်းကြောင့် နည်းပညာသစ်တစ်ခု ထွက်ပေါ်လာတိုင်း လုပ်သားဈေးကွက်အပေါ် ကြီးစွာသော သက်ရောက်မှုများကို ကြုံနေကြရခြင်းကြောင့် ဖြစ်သည်။

ဥပမာ ထုတ်လုပ်ရေးတွင် AI သုံးစက်ရုပ်များကို အစားထိုးအသုံးပြုခြင်းကြောင့် ထရပ်ကားမောင်းသူ သန်းပေါင်းများစွာ အလုပ်လက်မဲ့ဖြစ်ရသည်။

စာမျက်နှာ ၁၁ သို့ ❏




## ၂၀၂၄ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

❑ စာမျက်နှာ ၁၀ မှ

ယခုလည်း AI ကြောင့် ဂရပ်ဖစ်ဒီဇိုင်နာများ အလုပ်အကိုင် အခွင့်အလမ်းများ နစ်နာဆုံးရှုံးကြရပါပြီ။ ထို့နည်းတူ ပန်းချီ၊ ကဗျာ၊ ဂီတ၊ စာရေးသားခြင်း စသည့်နယ်ပယ်များမှာ AI ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနစ်နာရသည်။ ထို့ကြောင့်လည်း မိမိတို့မှာ AI ၏ အသုံးချခံမဖြစ်စေဘဲ AI ကို ကျွမ်းကျင်လိမ္မာပါးနပ်စွာ အသုံးချနိုင်သည့် အရည်အသွေးရှိရန် လိုအပ်လာပြီဖြစ်ကြောင်း ယူဆမိပါသည်။

၂၁ ရာစု လူသားများအတွက် မရှိမဖြစ်လိုအပ်သော Skill များအနက် နည်းပညာကျွမ်းကျင်မှုသည် တစ်ခုအပါအဝင်ဖြစ်သည်။ အနာဂတ်ကာလတွင် AI နည်းပညာကို ကျွမ်းကျင်စွာ အသုံးချနိုင်မှသာ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိလာနိုင်မည်ဖြစ်ပြီး စတုတ္ထ စက်မှုတော်လှန်ရေးနှင့်အတူ အလုပ်အကိုင်ရှာဖွေသူများအကြား AI နည်းပညာကို ကောင်းမွန်အကျိုးရှိစွာ အသုံးချနိုင်သူများကသာ နေရာသစ်တစ်ခုကို ပိုင်ဆိုင်ကြတော့မည်ဖြစ်ပါသည်။ အနာဂတ်မှာ နည်းပညာကျွမ်းကျင်သူနှင့် နည်းပညာအားနည်းသူများအကြား အလုပ်အကိုင် အခွင့်အလမ်းကွာဟမှုမှာ ကြီးမားလာတော့မည်ဖြစ်ပါသည်။

### ကောင်းကျိုးများ

နည်းပညာတစ်ရပ်သည် လူ့အဖွဲ့အစည်းတွင်များစွာ အသုံးဝင်သော်လည်း ဆိုးကျိုးများရှိသလို ကောင်းကျိုးလည်းများစွာရှိနေသည်။ AI သည်လည်း ထို့အတူပင်။ ကောင်းကျိုးများအနေဖြင့် စက်ရုံ၊ အလုပ်ရုံ၊ မောင်းသူမဲ့ကားနှင့် ဒရုန်းများ၊ သက်ကြီးရွယ်အို စောင့်ရှောက်ခြင်း၊ အိမ်အကူ၊ အန္တရာယ်များသော ကယ်ဆယ်ရေးနှင့် သုတေသနလုပ်ငန်းများ စသည့်ကဏ္ဍများတွင် အောင်မြင်မှုများမှာ AI နည်းပညာကြောင့်လည်း ပါဝင်သည်။ ကျန်းမာရေးကဏ္ဍတွင် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေရှိသူကို AI နည်းပညာကို အကျိုးရှိစွာ အသုံးချခြင်းဖြင့် ကင်ဆာရောဂါအဆင့်ကိုကြိုတင်သိရှိရပြီး ဖြစ်ပွားမှုကို ထိန်းချုပ်ကုသနိုင်သည့်အတွက် ကင်ဆာကြောင့် သေဆုံးမှုပမာဏနည်းလာသည်ကို တွေ့ရသည်။

လူသားများတွင် လုပ်နိုင်သည့်ပမာဏနှင့် လုပ်နိုင်စွမ်းအကြား ရှိနေသည့်အကန့်အသတ်ကို ကျော်လွှားရန် လိုအပ်သည့်အခါ AI သည် အသုံးဝင်လာသည်။ မီးလောင်၊ မြေပြို၊ ငလျင်ဒဏ်များကြောင့် အဆောက်အအုံ အပျက်အစီးများကြားတွင် ကူရာမဲ့ လူနှင့် အိမ်မွေးတိရစ္ဆာန်များ ဘယ်နေရာတွင် ကျန်ရှိနေသလဲဆိုသည်ကို AI သုံးအဆင့်မြင့်စက်ရုပ်များဖြင့် ရှာဖွေကယ်ဆယ်နိုင်လာခြင်းကဝမ်းသာစရာဖြစ်သည်။

ယနေ့ခေတ် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် စွမ်းဆောင်ရည်မြှင့်တင်ရန်၊ ကုန်ကျစရိတ်လျှော့ချရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရန်အတွက် AI သည် အလွန်ပင် အသုံးတည့်လှသည်။ ကောက်ပဲသီးနှံများကို စောင့်ကြည့်ခြင်း၊ မြေဆီလွှာခွဲခြမ်းစိတ်ဖြာခြင်း၊ သီးနှံအတွက် လိုအပ်သည့်ရေပမာဏကို အချိန်နှင့်တစ်ပြေးညီ တွက်ချက်ပေးနိုင်ခြင်း၊ ဆည်မြောင်းစနစ်များကို ပိုမိုကောင်းမွန်အောင် စီမံခန့်ခွဲနိုင်ခြင်းနှင့် ရေချွေတာခြင်းများတွင် AI က အကူအညီပေးနိုင်ပါသည်။ AI စနစ်ပါသော အာရုံခံကိရိယာများ၊ ဒရုန်းများနှင့် စက်ရုပ်များက ပိုးသတ်ဆေးဖျန်းခြင်း၊ ခတ်မြေဩဇာကျွေးခြင်းနှင့် ပေါင်းနုတ်ခြင်းများတွင် လူ့ကျန်းမာရေး မထိခိုက်စေဘဲ ကာကွယ်ပေးနိုင်ပါသည်။

ကမ္ဘာတစ်ဝန်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွင် AI နည်းပညာကို အမေရိကန်၊ တရုတ်နှင့် အစ္စရေးတို့မှ ဦးဆောင်နေသည်ဖြစ်ရာ လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအနေဖြင့် AI ကို ၎င်းကဏ္ဍ၌ တွင်တွင်ကျယ်ကျယ် အသုံးချနိုင်ရန် လိုအပ်မည်ဟု ယူဆပါသည်။ မွေးမြူရေးလုပ်ငန်းများတွင်လည်း AI အကူအညီဖြင့် တိရစ္ဆာန်များ၏ လှုပ်ရှားသွားလာမှု၊ ကျန်းမာရေးနှင့် အခြားသောအပြုအမူများကို စောင့်ကြည့်နိုင်ပြီဖြစ်သည်။ လုပ်ငန်းရှင်များသည် ယခင် သုံးရက်အတွင်း တိရစ္ဆာန်တစ်ကောင်၏ ရေသောက်သုံးမှုပမာဏ၊ အစာစားသုံးမှုနှုန်းတို့ကို AI ဖြင့် ခန့်မှန်းလာနိုင်သည့်အတွက် တိရစ္ဆာန်ကောင်ရေအလိုက် လိုအပ်သည့် အစာသိုလှောင်မှုတွင် နေရာအလုံအလောက်ရရှိရန် ကူညီပေးနိုင်ပါသည်။

AI ၏ လုပ်ဆောင်နိုင်စွမ်းက အံ့မခန်းဖြစ်သလို ဆိုးကျိုးများကား ထိတ်လန့်ဖွယ်ဖြစ်သည်မှာ သံသယဖြစ်စရာမလိုပါ။ ယခင်က Photoshop ကို အသုံးပြုပြီး အစစ်နှင့်တူသည့် ဓာတ်ပုံများကို နာရီပေါင်းများစွာ ပြုလုပ်ခဲ့ရသည်။ ယခု AI မှာတော့ အစစ်နီးပါး ခွဲခြားမရသည့် ပုံအတုပုံများကို စက္ကန့်ပိုင်းအတွင်း ရရှိလာနိုင်ပါပြီ။ Click တစ်ချက်နှိပ်ရုံဖြင့် မိမိလိုသလို ပြင်ဆင်လာနိုင်သည့်အခါ မကောင်းဘက်မှာ အားသန်သူများအဖို့ AI က အခွင့်အရေးဖြစ်သွားသည်။ AI ကို ကောင်းစွာ အသုံးချလိုသူများအတွက်မူ လက်ထောက်ကောင်းတစ်ယောက် ရလိုက်သည့်နှယ်ဖြစ်သည်။

ဥပမာ Chat GPT ကို အသုံးပြု၍ အင်္ဂလိပ်စာလေ့လာနိုင်ခြင်း၊ Assignment များ ရေးသားနိုင်ခြင်းဖြစ်သည်။ သို့သော် မိမိ၏ ကြိုးစားအားထုတ်မှုမပါဘဲနှင့်တော့ ဘာသာရပ်များကို အသေအချာနားလည်တတ်မြောက်မည်မဟုတ်ပါ။ AI သည် လေ့လာလိုသည့် ဘာသာရပ်၏ Concept ကို ရှင်းပြသည့်အခါတွင် ပိုမိုကောင်းမွန်ပြီး အချက်အလက်များကို တစုတစည်းတည်း စုံလင်စွာရရှိနိုင်ခြင်းက အားသာချက်ဖြစ်သည်။ ဤသို့ဖြင့် စာပေလေ့လာရာတွင် အကူအညီဖြစ်စေသလို အီးမေးလ်များကို အလိုအလျောက် စာပြန်ခြင်းကဲ့သို့သော နေ့စဉ်လုပ်ငန်းဆောင်တာများကိုပါ လုပ်ဆောင်နိုင်သဖြင့် အလုပ်ဝန်နှင့် နေ့စဉ်ဘဝကို AI က ထိန်းညှိပေးနိုင်သည်။

နည်းပညာမှန်သမျှ ကောင်းကျိုးရှိသလို ဆိုးကျိုးလည်းရှိသည်။ အသုံးပြုသူ၏ ရည်ရွယ်ချက်နှင့် စေတနာအပေါ်မူတည်၍ ကောင်းကျိုး၊ ဆိုးကျိုး ကွဲပြားသွားပါသည်။ AI နည်းပညာသည် ကဏ္ဍပေါင်းစုံတွင် အရေးပါလာသည်ကို တွေ့ရှိရမည်ဖြစ်သည်။ AI ကို အလွဲသုံးစားပြုသူများကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဖျော်ဖြေရေးကဏ္ဍမှသည် နိုင်ငံရေးလောကနှင့် အမျိုးသားလုံခြုံရေးအထိပါမကျန် နယ်ပယ်အားလုံးတွင် ခြောက်လှန့်မှုတစ်ခုဖြစ်လာနေသည်ကို သတိပြုကြရမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံအချို့တွင် နည်းပညာကုမ္ပဏီများ၏ အသစ်အသစ်သော ဆန်းသစ်တီထွင်မှုများမှ AI နည်းပညာဆိုင်ရာ ခြိမ်းခြောက်မှုအတိုင်းအတာကို စဉ်ဆက်မပြတ် စောင့်ကြည့်နေပြီး ယင်းနှင့်သက်ဆိုင်သည့် မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများပြဋ္ဌာန်း၍ ထိန်းကျောင်းရန် ကြိုးစားလာကြသည်ကို လေ့လာမိပါသည်။

စင်ကာပူနိုင်ငံတွင် ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်ထိရောက်အောင်မြင်ရန် AI နှင့် ဒေတာအသုံးပြုမှုကျင့်ဝတ်ဆိုင်ရာ အကြံပေးကောင်စီကို ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး အဓိကတာဝန်မှာ AI နည်းပညာဆိုင်ရာ ကျင့်ဝတ်၊ မူဝါဒနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက် အစိုးရအား အကြံပေးရန်ဖြစ်သည်ဟု ဆိုပါသည်။ ယင်းအဖွဲ့၏ အကြံပြုချက်ကြောင့် ၂၀၁၉ ခုနှစ်တွင် အမျိုးသားဉာဏ်ရည်တု မဟာဗျူဟာတစ်ရပ်ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း AI နည်းပညာ၏ ဆိုးကျိုးများကိုကြိုတင်ကာကွယ်ဖြေရှင်းရန်အတွက် ဆိုက်ဘာလုံခြုံရေးမူဝါဒကို ၂၀၂၃ ခုနှစ် မတ်လတွင် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ သက်ဆိုင်ရာနယ်ပယ်အလိုက် ထုတ်ပြန်ထားသည့် ဆိုက်ဘာလုံခြုံရေးအချက်အလက်များကို သိရှိနားလည်ပြီး တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်သာ လိုအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် AI ၏ သားကောင်များမဖြစ်ကြရလေအောင် တစ်ဦးနှင့်တစ်ဦး ကိုယ်ချင်းစာနာ၊ ညှာတာထောက်ထားမှုဖြင့် ကူညီလက်တွဲဖေးမကြရန်လိုအပ်နေပါသည်။ အထူးသဖြင့် နည်းပညာရှင်များ၊ လုံခြုံရေးဆိုင်ရာပုဂ္ဂိုလ်များ၊ ပေါ်လစီချမှတ်သူများနှင့် တရားဥပဒေပြဋ္ဌာန်းသူများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်ချင်းအနေဖြင့်လည်း မိမိဖုန်းတွင် မလိုအပ်ဘဲ တည်နေရာဖွင့်ထားခြင်းနှင့် မိုဘိုင်းဒေတာ သို့မဟုတ် ဝိုင်ဖိုင်ဖွင့်ထားခြင်း၊ အများပြည်သူသုံး free ဝိုင်ဖိုင်များကို လွယ်လွယ်အသုံးမပြုခြင်း၊ မလိုအပ်ဘဲ အက်ပလီကေးရှင်းများထည့်သွင်းမှုမှ ရှောင်ကြဉ်ခြင်း၊ အခြားသူများ၏ အချက်အလက်နှင့် လုံခြုံရေးကို အလေးထား တန်ဖိုးထားခြင်းများအပြင် နည်းပညာနှင့်ပတ်သက်သည့် အခြားသော စံတန်ဖိုးများကိုလည်း လေးစားလိုက်နာကာ AI ကို တာဝန်သိသိ အကျိုးရှိရှိနှင့် ဘေးမဖြစ်အောင် အထူးသတိထား အသုံးပြုကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

> ❝ဝန်ထမ်းက အတုကို အစစ်ထင်ခဲ့ပြီး လိမ်လည်သူများခိုင်းသည့်အတိုင်း USD$ ၂၅.၆ သန်းနီးပါးကို လွှဲပြောင်းပေးလိုက်သည်။ အချို့သောဟက်ကာများသည် ကုမ္ပဏီအရာရှိကြီးများ၏ အီးမေးလ်အကောင့်များကိုရယူပြီး အီးမေးလ်မှတစ်ဆင့် ကုမ္ပဏီ၏ လျှို့ဝှက်စီမံကိန်းများ၊ ကုမ္ပဏီဝန်ထမ်းနှင့် အရာရှိကြားနှစ်ဦးသာသိရှိရန် လျှို့ဝှက်ပြောကြားစေပြီး ၎င်းထံ ငွေလွှဲစေခြင်းများဖြစ်သည်။ အစီရင်ခံစာများအရ AI နည်းပညာနှင့် ဆက်စပ်သောလိမ်လည်မှုများကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၄၂၀ နီးပါး ဆုံးရှုံးနစ်နာမှုများရှိနေကြောင်း သိရှိလိုက်ရသည်။ ၎င်းအချက်က AI နည်းပညာအသုံးပြုမှုအပေါ် ပိုပြီးသတိရှိရန်နှင့် လုံခြုံရေးစနစ်များကို ပိုမိုခိုင်မာစွာကျင့်သုံးရန် လိုအပ်ပုံကိုပြသနေ❞

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် “အဂတိပယ်ခွာ ပြည်သာယာ” ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လူငယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

(က) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီရမည် -

- (၁) အသက် - ၁၄ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်၊ လူရွယ်များ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်)၊
- (၂) Format - JPG ၊ A3 (297 x 420 mm) with correct aspect ratio၊
- (၃) Resolution - 300 dpi ၊
- (၄) File Size - 15 Mb ထက်မပိုစေရ၊
- (၅) မြန်မာဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် ရှင်းလင်းချက် စာသားသီးခြားဖော်ပြရန်နှင့် အဖွဲ့လိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက အဖွဲ့ဝင်တစ်ဦးချင်းက ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များကို ဖြည့်စွက်လျှောက်ထားရန် ဖြစ်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Hard Copy ၊ Soft Copy (၂)စုံ ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅)၊ နေပြည်တော်သို့ ၃၀-၁၀-၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ တစ်ဆင့်ဖြစ်စေ၊ e-mail လိပ်စာဖြစ်သည့် zinwaihnin88@gmail.com သို့ ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ် အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတို့၏ Website များတွင် အခမဲ့ Download ရယူနိုင်ပြီး ဦးညိုမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၂၀၁၉၀၀၄ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ၀၆၇-၈၁၀၃၃၆၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ဂ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့်ကိုက်ညီရမည် -

- (၁) အသက် - ၁၄ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်၊ လူရွယ်များ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်)၊
- (၂) Format - mpeg 4၊
- (၃) Resolution - 1920 x 1080 p ထက်မပိုစေရ၊
- (၄) File Size - 300 Mb ထက်မပိုစေရ၊
- (၅) Sound - 16-bit, stereo၊
- (၆) Duration - 120 Seconds ထက်မပိုစေရ၊
- (၇) မြန်မာဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် စာတန်းထိုး ဖော်ပြရန်နှင့် အဖွဲ့လိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက အဖွဲ့ဝင်တစ်ဦးချင်းက ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များကို ဖြည့်စွက်လျှောက်ထားရန် ဖြစ်ပါသည်။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ၃၀-၁၀-၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ e-mail လိပ်စာဖြစ်သည့် ms.khinmoeou @ gmail.com သို့ ဖြစ်စေပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတို့၏ Website များတွင် အခမဲ့ download ရယူနိုင်ပြီး ဒေါ်ခင်မိုးဦး၊ ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၆၇-၈၁၀၃၃၄၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(င) ဆောင်းပါးနှင့်စပ်လျဉ်း၍ ဝင်ရောက်ယှဉ်ပြိုင်လိုပါက အောက်ပါစည်းကမ်း သတ်မှတ်ချက်များနှင့် ကိုက်ညီရမည် -

- (၁) အသက် - ကန့်သတ်ချက်မရှိ၊
- (၂) ဘာသာစကား - မြန်မာ၊
- (၃) ပုံစံ - ကွန်ပျူတာစာစီဖြစ်ရမည်၊
- (၄) အရေအတွက် - A4 ဆိုဒ် စာမျက်နှာ (၅) မျက်နှာမှ (၇) မျက်နှာအတွင်း၊
- (၅) ကန့်သတ်ချက် - ကျောကပ်ရေးသားခြင်းမပြုရ၊
- (၆) ကိုးကားချက်များရှိပါက ပြည့်စုံစွာထည့်သွင်းဖော်ပြရန်။

(စ) ဆောင်းပါးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Hard Copy (၁) စုံ၊ Soft Copy (၁)စုံ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ၃၀-၁၀-၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ e-mail လိပ်စာ sabalphyu 315@gmail.com သို့ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတို့၏ Website များတွင် အခမဲ့ download ရယူနိုင်ပြီး ဒေါ်သင်းသင်းဇင်၊ ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၀၁၂၂၁၃ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ဆ) ပြိုင်ပွဲဝင်ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးများတွင် အောက်ပါအချက်များ ပါရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ -

- (၁) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်ဆန့်ကျင်သော စာသားများ၊ ဓာတ်ပုံများ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားခြင်း၊
- (၂) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိခြင်း။

(ဇ) ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုများနှင့် ဆောင်းပါးများကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးတို့ကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပေးအပ်ခြင်းများ ပြုလုပ်မည်မဟုတ်ပါ။

(ဈ) ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးတို့အနက်မှ ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် ပိုစတာ၊ ဗီဒီယိုနှင့်ဆောင်းပါးတို့ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ တွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် “အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနား” တွင်ဆုချီးမြှင့်ပေးမည် ဖြစ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၄)ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဆပ်ကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းဆပ်ကော်မတီဝင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဆပ်ကော်မတီဝင် ဦးစီးဌာနများအနေဖြင့် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းစီမံကိန်းများကို ဦးစားပေးအလိုက် ခွဲခြားပြီး နယ်စပ်ဒေသများတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများအတွက် အကျိုးရှိမည့် လုပ်ငန်းစီမံကိန်းများကိုသာ ရွေးချယ်လျာထားတင်ပြရန် လိုကြောင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့်လုပ်ငန်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ မထပ်စေရန် ဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းဆပ်ကော်မတီဝင် ဦးစီးဌာနများအနေဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုကို ဖွံ့ဖြိုးတိုးတက်စေမည့် လုပ်ငန်းစီမံကိန်းများကို သတ်မှတ်စီမံကိန်းဝင်ဒေသများတွင် အကောင်အထည်ဖော်ကြရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသဆိုင်ရာ သာသနာရေးနှင့်ယဉ်ကျေးမှုဆပ်ကော်မတီဥက္ကဋ္ဌများနှင့် ဆပ်ကော်မတီဝင် ဌာနများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမ လေးလပတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းစီမံကိန်းများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်တွင် လက်ရှိဖြစ်ပွားနေသည့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ရန်လိုဟု ဂူတာရပ်စ်ပြောကြား

**စင်ကာပူ စက်တင်ဘာ ၃**

နိုင်ငံတကာရှိအစိုးရများသည် ကမ္ဘာပေါ်တွင်လက်ရှိဖြစ်ပွားနေသည့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရပ်စ်က ယနေ့ပြောကြားသည်။

ကမ္ဘာကြီးသည် လက်ရှိအချိန်တွင် ပူနွေးသည့်အဆင့်မှ ကျော်လွန်၍ ဆူပွက်လာသည့် အနေအထားသို့ရောက်ရှိလာကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

၎င်းအခြေအနေကို ထိန်းသိမ်းရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရမည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးချခြင်းသာမက ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနည်းပညာများကိုလည်း မြှင့်တင်ရမည်ဟု ၎င်းက ပြောကြားသည်။ မိမိတို့အနေဖြင့် ကမ္ဘာကြီး၏ အပူချိန်ကို ၁ ဒသမ ၅ ဒီဂရီဆဲစီးယက်တွင်သာ ထိန်းချုပ်ထားရှိခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖြစ်စဉ်များကို တားဆီးနိုင်မည်ဟု ၎င်းက ပြောကြားသည်။ လက်ရှိရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လျော့နည်းသွားစေရေးအတွက် စက်မှုထိပ်သီးနိုင်ငံ ၂၀ မှ ပူးပေါင်းအားဖြည့်ရန် ၎င်းက တိုက်တွန်းခဲ့သည်။ လက်ရှိအချိန်တွင် အန္တာတိက ဒေသရှိ ရေခဲများအရည်ပျော်ခြင်းကဲ့သို့သော ဖြစ်စဉ်များကလည်း ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့် ဆိုးရွားစွာဖြစ်လာနေကြောင်း ၎င်းက ပြောကြားသည်။ အရှေ့တောင်အာရှဒေသတွင် ရာသီဥတုပြောင်းလဲမှုများဆိုးရွားစွာဖြစ်လာခြင်းအား မိမိပူပန်ကြောင်း၎င်းက ပြောကြားသည်။

**ကိုးကား – စီအင်န်အေ၊ ဘာသာပြန် – စိုးသူရ**



# ယီမင်နိုင်ငံ၌ ရေကြီးမှုကြောင့် သေဆုံးသူ ၉၅ ဦး ရှိ

**ဆာနား စက်တင်ဘာ ၃**

ယီမင်နိုင်ငံ အနောက်မြောက်ပိုင်း ဟိုဒေးဒါပြည်နယ်တွင် တစ်လကြာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၉၅ ဦး ရှိပြီး ၃၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အယ်လ်မာဆီရာ ရုပ်မြင်သံကြား သတင်းဌာနက စက်တင်ဘာ ၃ ရက်တွင် သတင်းဖော်ပြခဲ့သည်။



မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် ပြည်နယ်တစ်ဝန်းရှိ နေအိမ်ပေါင်းများစွာ ပြိုကျပျက်စီးခဲ့ပြီး ရေဖြင့်မျောပါသွားခဲ့ကြောင်း အရေးပေါ်ကော်မတီ၏ ထုတ်ပြန်ချက်ကို ကိုးကား၍ အယ်လ်မာဆီရာ ရုပ်မြင်သံကြား သတင်းဌာနက သတင်းဖော်ပြခဲ့သည်။

လွန်ခဲ့သောနှစ်ပတ်က မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်ရေကြီးမှုကြောင့် အိမ်ခြေ ၁၂၀၀၀ ကျော်ပျက်စီးခဲ့ပြီး ၄၅ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ဟိုဒေးဒါရှိ ဒေသခံကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

အိမ်နီးချင်း အယ်လ်မာဝစ် ပြည်နယ်တွင် မိုးရွာသွန်းမှု၊ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ပျောက်ဆုံးနေသူ ၂၀ ကို ရှာဖွေနေဆဲဖြစ်ကြောင်း အဆိုပါ ရုပ်မြင်သံကြားဌာနက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် ပဋိပက္ခဒဏ်ခံရသော ယီမင်နိုင်ငံ၌ မိုးရာသီအတွင်း ညစ်ညမ်းသောရေနှင့် အညစ်အကြေး စွန့်ပစ်မှုများကြောင့် ရောဂါများ ပြန့်ပွားလာနိုင်ကြောင်း သတိပေးထားသည်။

နိုင်ငံတကာက အသိအမှတ်ပြုထားသော အစိုးရအား ယီမင်နိုင်ငံ၏ မြို့တော်ဆာနားမှ ထွက်ခွာစေခဲ့သည့် ၂၀၁၄ ခုနှစ်နှောင်းပိုင်းမှစ၍ မြောက်ပိုင်းပြည်နယ်အများအပြားကို ဟူသီတို့က သိမ်းပိုက်ခဲ့ပြီး ယီမင်နိုင်ငံသည်လည်း ပြည်တွင်းစစ်ဒဏ်ခံခဲ့ရကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

# ဂါဇာဒေသ၌ ဟားမတ်စ်စစ်သွေးကြွအဖွဲ့အား ချေမှုန်းပြီးသည်အထိ အစ္စရေးကတိုက်ခိုက်မည်ဟုဆို

**ဂျေရုဆလင် စက်တင်ဘာ ၃**

ဂါဇာဒေသတွင် ဟားမတ်စ်စစ်သွေးကြွအဖွဲ့အား ချေမှုန်းပြီးသည်အထိ အစ္စရေးတပ်ဖွဲ့များက ဆက်လက်တိုက်ခိုက်မည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

**ဆန္ဒဖော်ထုတ်မှုများဖြစ်ပွားခဲ့**

ဂါဇာဒေသတွင် ဓားစာခံများ၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ပြီးနောက် အစ္စရေးနိုင်ငံတစ်ဝန်းတွင် ဆန္ဒဖော်ထုတ်မှုများဖြစ်ပွားခဲ့သည်။ ဓားစာခံများပြန်လည်လွှတ်ပေးပြီးသည့်အချိန်တွင် အစ္စရေးတပ်ဖွဲ့များ ဂါဇာမှဆုတ်ခွာရေး ဟားမတ်စ်အဖွဲ့က တောင်းဆိုခဲ့သော်လည်း အစ္စရေးတပ်ဖွဲ့အနေဖြင့် ဂါဇာတောင်ပိုင်းရှိ ဖယ်လ်ဒီဖီးယားဒေသကို ထိန်းချုပ်ထားမည်ဖြစ်ကြောင်းနေတန်ယာဟုက ထပ်လောင်းပြောကြားသည်။ ယခုပဋိပက္ခတွင် အစ္စရေးက စစ်ရေးနည်းလမ်းဖြင့်ဖြေရှင်းပါက ထိန်းသိမ်းထားသည့် ဓားစာခံများသည် ၎င်းတို့၏နေရပ်သို့ခေါင်းတလားဖြင့် ပြန်ရမည်ဟု ဟားမတ်အဖွဲ့က ပြောကြားသည်။

အစ္စရေး – ဟားမတ်စ်အရေးတွင် အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုသည် ဂါဇာဒေသ တည်ငြိမ်ရေးအတွက် လုံလောက်သည့် ကြိုးပမ်းမှုများ မဆောင်ရွက်ခဲ့ကြောင်း သမ္မတဘိုင်ဒင်က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– စိုးသူရ**

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ထောင်ဖောက်ရန် ကြိုးပမ်းမှုတွင် ၁၂၉ ဦး သေဆုံး၊ ၅၉ ဦး ဒဏ်ရာရရှိ

**ကင်ရှာဆာ စက်တင်ဘာ ၃**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ မြို့တော်ကင်ရှာဆာရှိ မကာလာဗဟိုအကျဉ်းထောင်တွင် စက်တင်ဘာ ၂ ရက်အစောပိုင်းက ထောင်ဖောက်ထွက်ပြေးရန် ကြိုးပမ်းမှုတွင် အကျဉ်းသား ၁၂၉ ဦးထက်မနည်း သေဆုံးပြီး ၅၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံက စက်တင်ဘာ ၃ ရက်အစောပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။ .

သတိပေးမှုများပြုလုပ်ပြီးနောက် သေနတ်ဖြင့် ပစ်ခတ်မှုကြောင့်သေဆုံးသည့် ၂၄ဦး အပါအဝင် အခြားသူများကို တွန်းထိုးခြင်း သို့မဟုတ် အသက်ရှူကြပ်ခြင်းတို့ကြောင့် သေဆုံးသူ ၁၂၉ ဦးအထိ ရှိလာခဲ့ပြီး ဒဏ်ရာရအကျဉ်းသား ၅၉ ဦးကို အစိုးရက ပြုစုစောင့်ရှောက်ထားကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီး ရှာဘာနီက ပြောကြားသည်။

အဆိုပါ ထောင်ဖောက်ရန်ကြိုးပမ်းမှုကြောင့် အုပ်ချုပ်ရေးအဆောက်အအုံ၊ မှတ်ပုံတင်ဌာန၊ ဆေးကုသဆောင်နှင့် စားနပ်ရိက္ခာသိုလှောင်ရုံများ မီးလောင်ကျွမ်းခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီး ရှာဘာနီက ဆက်လက်ပြောကြားသည်။

"စက်တင်ဘာ ၂ ရက်အစောပိုင်းက မကာလာဗဟိုအကျဉ်းထောင်မှာ သေနတ်သံတွေ နာရီအတော်ကြာ ကြားခဲ့ရတယ်လို့" မျက်မြင်သက်သေများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

တရားရေးဝန်ကြီး မူတမ်ဘာသည် မကာလာဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၂၈၄ ဦးကို လူပြည့်ကျပ်မှု လျော့ပါးသက်သာစေရန် အခြေအနေအရ လွှတ်ပေးရန် ဇူလိုင်လအတွင်းက ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# လာအိုနိုင်ငံ၌ ပြည်တွင်းထုတ်ကုန်ပြပွဲ ကျင်းပမည်

**ဗီယင်ကျန်း စက်တင်ဘာ ၃**

လာအိုနိုင်ငံ၌ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို မြှင့်တင်ရေးအတွက် ပြည်တွင်းထုတ်ကုန်ပြပွဲကို စက်တင်ဘာ ၂၈ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။




၎င်းပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံသားများပြည်တွင်းထုတ်ကုန်သုံးစွဲမှု တိုးတက်လာစေရန်နှင့် ပြည်ပတင်ပို့နိုင်သည်အထိ အရည်အသွေးမြှင့်တင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ မြို့တော်ဗီယင်ကျန်း၌ ကျင်းပမည့် ၎င်းပြပွဲတွင် ပြည်တွင်းထုတ် လက်မှုပစ္စည်းများ၊ ချည်ထည်နှင့် ပိုးထည်များ၊ ပရိဘောဂနှင့် အိမ်အလှဆင်ပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များ၊ စားသောက်ကုန်နှင့် အဖျော်ယမကာ၊ လျှပ်စစ်နှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ အလှကုန်နှင့် ဒေသတစ်ခု၊ ထွက်ကုန်တစ်ခုစနစ်ဖြင့် ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို ပြသရောင်းချမည်ဖြစ်သည်။

ယခုပြပွဲကျင်းပခြင်းဖြင့် နိုင်ငံအတွင်းရှိ လုပ်ငန်းရှင်များအတွက် စီးပွားရေးဆိုင်ရာ မိတ်ဖက်များ ရရှိလာစေပြီး မိမိတို့၏ ထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရန် အခွင့်အရေးများရှိလာမည်ဖြစ်ကြောင်း သိရသည်။ ယခုပြပွဲသည် နိုင်ငံ၏ ခရီးသွားလုပ်ငန်း၊ ရိုးရာယဉ်ကျေးမှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးတက်စေမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ ဓာတုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၃

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၃ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၃၅၀၅၆၀)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၈၉၂၀၀) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၇၀၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၃၂၆၉၁) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၅၀၀၀၀၀၀) ကို လည်းကောင်း၊ **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၅၄၂၄၅၁** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

စက်တင်ဘာ ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၉၆၁၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)ကို လည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၈၆၉၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံဂိတ်နှင့် ဘုရားငါးဆူရွာကြားရှိ တောင်လေးလုံးရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းလေးမျိုးနှင့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၈၇၂၀၀) ကို လည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၆၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း၊ **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၅၉၇၇၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၂ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်နှစ်စီးနှင့် ဆိုင်ကယ်တစ်စီး **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၃၀၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့် အညီအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်နှစ်စီး **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်၌ တရားမဝင် အခြားသစ် ၄ ဒသမ ၉၄၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇၇၈၆၄) ကို သစ်တောဥပဒေအရ လည်းကောင်း၊ မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ သုံးဘီးဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၇၈၆၄** ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် အင်းတကော်မြို့နယ် ဝမ်းဘော်ဒတ်စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိန်းချုပ်ဓာတုပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ကျော့ရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ ဘားအံ-လှိုင်းဘွဲ့ကားလမ်းအနီး၌ ယာဉ်တစ်စီးပေါ်မှ လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၅၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sino Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၀၀၀၀၀၀) ကို လည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၆၈၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် သိမ်းဆည်းရမိမှု **စုစုပေါင်းမှာ အမှုတွဲ ၄၁ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၆၇၆၉၈၀၁၅)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၃

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ပြည်သူတွေ ခိုလှုံရာ အရပ်သားပစ်မှတ်တွေကို အဓိကထား တိုက်ခိုက်လာတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်ပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် လျှပ်စစ်ဓာတ်အား မထုတ်လုပ်နိုင်မှု မဂ္ဂါဝပ် ၁၆၀၀ ကျော်ရှိနေသည့် ရေအားလျှပ်စစ် စီမံကိန်းရှစ်ခုနှင့် အခြားရပ်ဆိုင်းထားရသည့် စီမံကိန်းများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၉-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၁၅ လှူဒါန်းပူဇော်မှုများနှင့်မွမ်းမံခြင်းအနုပညာ (အပိုင်း-၁၄) (ပေစာ၊ ပရပိုက်စာနှင့် စာတိုက်သေတ္တာများလှူဒါန်းခြင်း)
၀၈:၄၀ လူထုသိပ္ပံကျမ်းများလှူဒါန်းမှုမှသည် စာဖတ်ရှိန်မြှင့်တင်ရေးသို့
၀၉:၁၅ တန်ဖိုးရှိသောမြန်မာ့ထုတ်ကုန်များဆီသို့
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၁:၃၅ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၃၇)
၁၃:၀၅ သီချင်းကြိုးပဒေသာ
၁၃:၃၀ MRTV National News
၁၅:၃၀ Weekly Soccer Preview
၁၆:၄၅ မျိုးဝက်တင့်စေဆိုကရေးတီးအမွေ
၁၇:၀၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
၁၇:၃၀ လူတိုင်းစာတတ်မြောက်ရေးအားလုံးပိုင်းဝန်းဆောင်ရွက်ပေး
၁၇:၄၀ NEXT LEVEL
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၁၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၄၆)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၂၅ (၁၉)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ(ဇာတ်တော်ကြီးပြိုင်ပွဲ) 'သုဝဏ္ဏသာမဇာတ်တော်ကြီး' (ဒုတိယဆု)(မန္တလေးတိုင်းဒေသကြီး) (ဒုတိယပိုင်း)

### mitv

07:01 Evergreen Classic: Myitta (Kyawt Kay Khaing)
07:08 Listening Pleasure, Instrumental Music (Mandolin) Special Show
07:20 Tha Khut Flowers Salad (Rakhine Style)
07:33 Daingnak Style
07:46 Myanmar Masterclass: Artist Phyu Soe Myint Kyaw
08:01 News
08:26 Asia Updates: Plateau Wanderers (CGTN)
08:33 Ecotourism: The Famous Zalon Mountain
08:47 Popsicle Sticks Art Creator
09:01 Myanmar Marionette
09:32 The Mandolinist
10:01 News
10:01 Topical Topics; Pearl of Oyster

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
သစ်ကြားသီးနှင့်ကျန်းမာရေး
**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
စားချင်စဖွယ်ကချင်ဆာဖြယ်
**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
စိတ်ဝင်စားစရာကောင်းသော ရိုးရာဓလေ့ထူးခြားချက်များ(ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း)
**ဂေခိုကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဟံသာဝတီပဲခူး
**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)
**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
မုန့်ဖိုင်းတောင့်လုပ်စားကြရအောင်
**ချင်း (လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)**
ဝက်သားနှင့်ပိန်းဥချက်ချက်ပြုတ်နည်း
**ချင်း (ချို) (၁၆:၀၀ မှ ၁၇:၀၀)**
လည်ပတ်ချင်စရာချုပ်ကျေးရွာ(အပိုင်း-၂)
**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ခန့်ညားရှုယဉ်မွန်တို့အသွင် ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှု
**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
အရသာကျော်မော်ငေါက်ဆွဲကဘားကြော်
**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ပင်လောင်းရှမ်းစတူ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၄၅ SPORTS MAX
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အငှါး'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ(အပိုင်း-၃၂)
၁၈:၀၀ Economic Review

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ နေကြာစိုက်ပါ ပျားမွေးပါ
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
၀၇:၁၅ 'ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး' နဂါးမောက်သီးနှင့်ကျန်းမာရေး
၁၈:၀၀ ညို့(ဇာတ်လမ်း)
၂၂:၀၀ Barbie (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ Weekly MNL Review
၁၇:၀၀ အားကစားသတင်း
၁၈:၀၀ E Sports

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် စက်တင်ဘာ ၃**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ရောက်ရှိနေသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအား ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၃ ရက်က ကဝမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဇောအောင် ဦးစီးသော မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ရဲဇော်ဟိန်း(ပြန်/ဆက်)



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ye Yan” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဟံသာဝတီရပ်ကွက်နေ ရဲရင့်(ခ)ရဲယံ နှင့် “Pyae Sone Oo” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နေ ပြည့်စုံဦးတို့အား နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ “Ko Ko Shwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ထိန်းတပ်ကျေးရွာနေ မင်းလွင်အား ညနေ ၆ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “အမေ့သမီးလေး” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ် (၄)ရပ်ကွက်နေ ခိုင်ဦးအား ညနေ ၆ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ “@naingnaing 68922” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာနေ လှနိုင်ဦး(ခ)တရုတ်ကြီးအား ညနေ ၆ နာရီခွဲတွင် လည်းကောင်း၊ “Kaung Htet” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ် ကျန်တန်းရပ်ကွက်နေ ကောင်းပြည့်ဦး(ခ) ကောင်းကောင်းအား ည ၉ နာရီတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

# နမ့်စန်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ခရိုင်အဆင့်နည်းပြသင်တန်း စတင်ဖွင့်လှစ်

**နမ့်စန်(တ) စက်တင်ဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အမှတ် (၂)ရပ်ကွက် မြို့နယ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် နမ့်စန်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ်စိုးအောင်နှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံနှုတ်ဆက်ခဲ့သည်။ အဆိုပါခရိုင်အဆင့် နည်းပြသင်တန်းကို စက်တင်ဘာ ၂ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး နမ့်စန်၊ လွိုင်လင်၊ လင်းခေးနှင့် မိုင်းရှူး ခရိုင်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သူရအောင်(နမ့်စန်)**



# မင်းလှမြို့၌ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**မင်းလှ စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက အမှတ်(၅) ရပ်ကွက် ဝေဠုဝန်စာသင်တိုက်၌ မင်းလှမြို့နယ်ရဲတပ်ဖွဲ့က ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းပိုင်ဦးစီး၍ မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်နိုင်လင်းဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များက အမှတ်(၅)ရပ်ကွက် ဝေဠုဝန်စာသင်တိုက်ကျောင်းဝင်းအတွင်းအပြင် သန့်ရှင်းသာယာလှပရေးအတွက် မြက်များရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

---

# ဘီးလင်းမြို့၌ စာဖတ်ရိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ဘီးလင်း စက်တင်ဘာ ၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက ဘီးလင်းမြို့ အထက(ခွဲ)(နှင်းပုလဲ)ကျောင်း၌ ကျင်းပသည်။

ဦးစွာ အထက(ခွဲ) (နှင်းပုလဲ)မှ ကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုဝင်းက လူငယ်စကားဝိုင်းများ ဆောင်ရွက်ပေးရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ အထက(ခွဲ)(နှင်းပုလဲ)မှ Grade -10 ကျောင်းသား မောင်ဟန်မင်းကိုက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး Grade-10 ကျောင်းသူ မမေသူဝင်း၊ Grade -9 ကျောင်းသူ မဇင်ဖြူလှိုင်၊ မဖူးနိုနိုလင်းနှင့် မသံစဉ်လင်းတို့က “လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး”၊ “လူငယ်နှင့် တန်ဖိုး”၊ “လူငယ်နှင့် အလေ့အကျင့်”၊ “လူငယ်နှင့်အထက်တန်းစားစိတ်ဓာတ်” စသည့် ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့်၎င်းတို့၏အတွေ့အကြုံများကို ဆွေးနွေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၅၈၈) ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ



ရန်ကုန် စက်တင်ဘာ ၃

ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရား ထက်သန်စွာ လှူဒါန်းထားရှိသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က (၅၈၈)ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက အလှူတော်ငွေများ ပေးအပ် လှူဒါန်းရာ အလှည့်ကျ သဘာပတိ ဦးညွန့်သင်းနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ သ•စ•အ ဓမ္မာစရိယ ပါဠိပါရဂူ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ထံမှ တက်ရောက် လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရား နာယူကြသည်။

ယနေ့ကျင်းပသော အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ရွှေသင်္ကန်းတော် ရွှေပြားအလှူရှင် ၉၀ က ခြောက်ကျပ်သား ရွှေပြား ကိုးချပ်၊ သုံးကျပ်သား ရွှေပြား ခုနစ်ချပ်နှင့် တစ်ကျပ်သား ရွှေပြား ၉၆ ချပ် စုစုပေါင်း ရွှေစင် ရွှေပြား ၁၁၂ ချပ် လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၁၀၃ ဦး အပါအဝင် စုစုပေါင်း လှူဒါန်းငွေ ၂၀၇၈၃၂၀၅၉၇ ကျပ် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရွှေပြည်သာမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်



ရန်ကုန် စက်တင်ဘာ ၃

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ယနေ့နံနက်ပိုင်းက ပြည်သူ့အကျိုးပြုလုပ်ငန်း စုပေါင်းသန့်ရှင်းရေးကို ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ မြို့ဦးစေတီဘုရားဝင်းအတွင်း ဆောင်ရွက်ကြသည်။

အဆိုပါ သန့်ရှင်းရေး ပူးပေါင်းဆောင်ရွက်ရာတွင် ရွှေပြည်သာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလွင် ဦးစီးရဲတပ်ဖွဲ့ဝင်များနှင့် အမှတ်(၆၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲမှူး ဇော်ဇော်စိုးနှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၅၆ ဦးတို့က မြို့ဦးစေတီ ဘုရားဝင်းအတွင်း/အပြင် ချုံနွယ်များ၊ ဘုရားစေတီရင်ပြင်ရှိ အမှိုက်များ၊ အညစ်အကြေးများကို ရှင်းလင်းဆေးကြောသန့်စင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြင့်ဦး

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၉-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၁၀ | ၃၁၈၅ | ၃၁၉၅ | ၃၂၁၀ | ၃၁၆၅ | ၃၂၉၀ | ၃၃၂၀ | ၃၁၇၀ | ၃၁၉၀ | ၃၂၂၀ | ၃၂၁၀ | ၃၂၂၀ | ၃၆၂၅ | ၅၅၀၀ |
| 95 Ron | ၃၂၄၀ | ၃၃၂၀ | ၃၂၉၅ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၁၀ | ၃၃၂၅ | ၃၃၅၅ | ၃၃၄၅ | ၃၃၅၅ | ၃၇၆၀ | ၅၇၀၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၃၅ | ၂၇၁၀ | ၂၆၆၅ | ၂၇၄၀ | ၂၇၅၀ | ၂၇၆၅ | ၂၇၂၀ | ၂၈၄၅ | ၂၈၇၅ | ၂၇၂၅ | ၂၇၄၀ | ၂၇၇၅ | ၂၇၆၀ | ၂၇၇၅ | ၃၁၈၀ | ၅၅၀၀ |
| HSD (50 ppm) | ၃၂၉၅ | ၃၃၈၀ | ၃၃၅၅ | ၃၃၀၅ | ၃၃၈၀ | ၃၃၉၀ | ၃၄၀၅ | ၃၃၆၀ | ၃၄၈၅ | ၃၅၁၅ | ၃၃၆၅ | ၃၃၈၀ | ၃၄၁၅ | ၃၄၀၅ | ၃၄၁၅ | ၃၈၂၀ | ၅၅၀၀ |
| HSD (10 ppm) | ၃၂၉၅ | ၃၃၈၀ | ၃၃၅၅ | ၃၃၀၅ | ၃၃၈၀ | ၃၃၉၀ | ၃၄၀၅ | ၃၃၆၀ | ၃၄၈၅ | ၃၅၁၅ | ၃၃၆၅ | ၃၃၈၀ | ၃၄၁၅ | ၃၄၀၅ | ၃၄၁၅ | ၃၈၂၀ | ၅၅၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၂ | ၃၀၃၅ |
| 95 Ron | ၃၀၇၄ | ၃၁၆၉ |
| HSD (500 ppm) | ၂၅၁၀ | ၂၅၈၉ |
| HSD (50 ppm) | ၃၁၃၁ | ၃၂၂၃ |
| HSD (10 ppm) | ၃၁၃၁ | ၃၂၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# စားအုန်းဆီကို အိမ်တိုင်ရာရောက်စနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများသဖြင့် ဖုန်းလိုင်းခွဲများ တိုးချဲ့လက်ခံဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၃

စားအုန်းဆီများကို အိမ်တိုင်ရာရောက် (Door to Door) ရောင်းချပေးလျက်ရှိရာ ဆက်သွယ်ဝယ်ယူသူ ပိုမိုများပြားလာသည့်အတွက် စက်တင်ဘာ၂ ရက်မှစတင်ပြီး မြို့နယ်များအလိုက် Call Center ဖုန်းလိုင်းခွဲများ တိုးချဲ့လက်ခံ ဆောင်ရွက်ပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီမှ သိရသည်။

### စတင်ရောင်းချ

အဆိုပါစားအုန်းဆီများ အိမ်တိုင်ရာရောက်(Door to Door) ရောင်းချပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စားအုန်းဆီအရောင်းဆိုင်များသို့ သွားရောက်ဝယ်ယူရန် အခက်အခဲရှိသော အိမ်ထောင်စုများ၊ စားအုန်းဆီကို လျင်မြန်လွယ်ကူစွာဖြင့် အိမ်အရောက်ဝယ်ယူနိုင်စေရန် ရည်ရွယ်ပြီး ၂၀၂၄ ခုနှစ် ဇူလိုင် ၃၁ ရက်က စတင်ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဩဂုတ်လ၌ အိမ်ထောင်စုတစ်စုလျှင် တစ်လနှစ်ပိဿာနှုန်းဖြင့် ဖြန့်ဖြူးခဲ့ရာ မှာကြားသူများပြားသည့်အတွက် စက်တင်ဘာလမှစ၍ အိမ်ထောင်စုတစ်စုလျှင် တစ်လသုံးပိဿာနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ခရိုင် ၁၄ ခု၊ မြို့နယ် ၄၄ မြို့နယ်တွင် ခရိုင်အလိုက် Call Center များထားရှိပြီး မှာကြားချက်များကို လက်ခံမှတ်သားသွားမည်ဖြစ်သည်။ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄ နာရီအတွင်း တနင်္လာနေ့မှ စနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အစိုးရ ရုံးပိတ်ရက်မပါ) မှာကြားနိုင်ပြီး တိုက်ကြီးခရိုင်၊ လှည်းကူးခရိုင်၊ မှော်ဘီခရိုင်၊ မင်္ဂလာဒုံခရိုင်၊ အင်းစိန်ခရိုင်၊ သန်လျင်ခရိုင်၊ တွံတေးခရိုင်၊ မရမ်းကုန်းခရိုင်တို့တွင် နေထိုင်ကြသူများအနေဖြင့် Call Center ဖုန်း ၀၁-၄၇၀၅၅၆၆ (လိုင်းခွဲ-၁၅လိုင်း)၊ ၀၉-၉၄၀၁၇၁၂၂၂(လိုင်းခွဲ-၁၅လိုင်း)သို့လည်းကောင်း၊ ကျောက်တံတားခရိုင်၊ အလုံခရိုင်၊ သဃ်န်းကျွန်းခရိုင်၊ ဗိုလ်တထောင်ခရိုင်၊ ဒဂုံမြို့သစ်ခရိုင်၊ ကမာရွတ်ခရိုင်တို့တွင် နေထိုင်ကြသူများအနေဖြင့် Call Center ဖုန်း ၀၉-၇၇၁၀၀၂၇၂၂(လိုင်းခွဲ- ၁၀ လိုင်း)၊၀၁-၄၇၀၆၇၂၂ (လိုင်းခွဲ-၁၀လိုင်း) သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

Delivery ခကို ဝယ်သူက ပေးချေရမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ နယ်တွင် ကျပ် ၂၀၀၀၊ စည်ပင်သာယာနယ်နိမိတ်အပြင်ဘက်ဆိုလျှင် ကျပ် ၂၅၀၀ ထက် မပိုသည့်ဈေးနှုန်းဖြင့် ပို့ဆောင်ပေးနေကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)




☆ ကျောဖုံးမှ

ကိုလံဘီယာအသင်းနဲ့ ဥရုဂွေးအသင်းတို့ပွဲစဉ်မှာ ဥရုဂွေးအသင်းနဲ့အတူ စတင်ပွဲထွက်ကစားခဲ့တာဖြစ်ပါတယ်။

ဆွာရတ်ဇ်ဟာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အုပ်စုအဆင့်၌ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးခဲ့ကာ ဥရုဂွေးအသင်းက အင်္ဂလန်အသင်းကို အနိုင်ရရှိခဲ့ပြီး အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်မှာ အီတလီနောက်ခံလူ ချီယယ်လီနီကို ကိုက်ခဲ့တာကြောင့် လေးလကြာပြစ်ဒဏ်ကျခံခဲ့တာမို့ ရှုံးထွက်အဆင့်ပွဲစဉ်တွေနဲ့ လွဲခဲ့ရသူဖြစ်ပါတယ်။

တိုက်စစ်မှူး ဆွာရတ်ဇ်ဟာ ဥရုဂွေးအသင်းနဲ့အတူ အဓိကပြိုင်ပွဲကိုးခုအထိ ပါဝင်ယှဉ်ပြိုင်ကစားပေးခဲ့သူဖြစ်ပြီး လက်ရှိအချိန်ဟာ နိုင်ငံလက်ရွေးစင်ကစားသမားဘဝကနေ အနားယူဖို့ အချိန်ကောင်းဖြစ်တယ်လို့လည်း ဆွာရတ်ဇ်က ပြောကြားခဲ့ပါတယ်။ ငွေကြယ်

# ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရမည့်အဆင့်နှင့် ဘာသာရပ်များ

၁။ ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အောက်ဖော်ပြပါအဆင့်များဖြင့် ယှဉ်ပြိုင်ရန် သတ်မှတ်ထားပါသည် -

(က) ဝါသနာရှင်(ပထမတန်း)အဆင့်
(ခ) ဝါသနာရှင်(ဒုတိယတန်း)အဆင့်
(ဂ) အဆင့်မြင့်ပညာအဆင့်
(ဃ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်
(င) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်

၂။ ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အောက်ဖော်ပြပါဘာသာရပ်များဖြင့် ယှဉ်ပြိုင်ရန်သတ်မှတ်ထားပါသည် -

(က) **အဆိုပြိုင်ပွဲ**
(၁) မဟာဂီတ(အဆင့်အားလုံး)၊
(၂) ခေတ်ဟောင်းတေး/ကာလပေါ်(အဆင့်အားလုံး)၊
(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ{ဝါသနာရှင်(ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်}။

(ခ) **အကပြိုင်ပွဲ**
(၁) အကပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)(အဆင့်အားလုံး)၊
(၂) မြန်မာအကအခြေခံကဗျာလွတ်အက(ပထမအဆင့်)(အမျိုးသမီး) ၁၆ ဦး၊ ယိမ်းအကပြိုင်ပွဲ(အခြေခံပညာအသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်)
(၃) တိုင်းရင်းသားရိုးရာအက/ကျေးလက်ရိုးရာအကပြိုင်ပွဲ(တစ်ဖွဲ့လျှင် ၁၆ ဦး၊ ကြာမြင့်ချိန်အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက်မပိုသော တေးသီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန်)၊
(၄) ချင်းတိုင်းရင်းသားရိုးရာအကပြိုင်ပွဲ(၁၆ - ဦး)၊ (အမျိုးသား ၈ ဦး၊ အမျိုးသမီး ၈ ဦး)
(၅) ဇာတ်တော်ကြီးပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း)အဆင့်တွင် မဟာဇနကဇာတ်တော်ကြီး (ပြိုင်ပွဲဝင်ရန်သတ်မှတ်ချိန်မှာ ၃ နာရီဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ဆိုင်ပြောနှင့် အခြားပညာရှင် ၃၀ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၃၇ ဦး ယှဉ်ပြိုင်ရန်)၊
(၆) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း)အဆင့်တွင် ဝေဿန္တရာဇာတ်တော်ကြီး(ပြိုင်ပွဲဝင်ရန်သတ်မှတ်ချိန်မှာ ၁ နာရီ ၃၀ မိနစ်ဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ကြိုးဆွဲနှင့် ဆိုင်ပြောပညာရှင် ၁၃ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၂၀ ဦး ယှဉ်ပြိုင်ရန်)၊
(၇) ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)(မင်းသားနှင့် ဇော်ရုပ်တို့ဖြင့်ယှဉ်ပြိုင်ရန်)၊
(၈) ကွက်စိပ်ပြိုင်ပွဲ
- ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား)၊ မဟာသုတသောမဇာတ်
- ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)၊ သမုဒ္ဒဝါဏိဇဇာတ်

(ဂ) **အရေးပြိုင်ပွဲ**
(၁) ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား/အမျိုးသမီး)
(၂) ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား/အမျိုးသမီး)
(၃) အဆင့်မြင့်ပညာအဆင့် (အမျိုးသား/အမျိုးသမီး)
(၄) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်(အမျိုးသား/အမျိုးသမီး)

(ဃ) **အတီးပြိုင်ပွဲ**
(၁) စောင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၂) စန္ဒရား - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၃) ပတ္တလား - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၄) တယော - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၅) မယ်ဒလင် - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၆) ဂီတာ - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၇) ဒုံမင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၈) ဆိုင်းတစ်ဦးချင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၉) ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် - အဖွဲ့လိုက်(အမျိုးသား-၈ ဦး၊အမျိုးသမီး- ၈ ဦး)
(၁၀) နှဲ - တစ်ဦးချင်း(အမျိုးသား)
(၁၁) ပလွေ - တစ်ဦးချင်း(အမျိုးသား)
(၁၂) အိုးစည် - အဖွဲ့လိုက်(အမျိုးသား - ၅ ဦး)
(၁၃) ဒိုးပတ် - အဖွဲ့လိုက်(အမျိုးသား - ၆ ဦး)

မှတ်ချက်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် ဝါသနာရှင်(ပထမတန်း)အဆင့်၊ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အတီးပြိုင်ပွဲများတွင် အဆင့်အားလုံး ယှဉ်ပြိုင်ရန်)

(၁၄) ပြည်နယ်(၇)ခုရှိ တိုင်းရင်းသားတို့၏ ရိုးရာတူရိယာတေးဂီတပြိုင်ပွဲ။
(ပြည်နယ်တစ်ခုလျှင် ကြာမြင့်ချိန်အနည်းဆုံး ၅ မိနစ်မှ ၈ မိနစ်ထက်မပိုသော တေးဂီတတို့ဖြင့်ယှဉ်ပြိုင်ရန် )

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

## "မဟာဂီတ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) စုံသာမြိုင်လယ် (သီချင်းခံ)
(ခ) ခွာပြာသင်း (ပတ်ပျိုး)
(ဂ) စိန်မြရုံခြယ် (မွန်)
(ဃ) တိမ်မှောင်မြေးကင်း (လောကနတ်)
(င) ကြို့ညိုစံရာ (ယိုးဒယား)
(စ) ရွှေပင်ရွှေဘုန်းပပဝင်း (ကြိုး)
(ဆ) အာကာယံထဲ (ပတ်ပျိုး)
(ဇ) သောင်းကျေးဒီပါဖွေ (မွန်)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ခ) စိန်ကြောင်နီလာ (ပတ်ပျိုး)
(ဂ) ဖြူပြာမူယာ (ပတ်ပျိုး)
(ဃ) တောတောင်စွယ် (ယိုးဒယား)
(င) ကောင်းချီးသခ်ါ (မွန်)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) သီလာဝေယံ (ပတ်ပျိုး)
(ခ) ပပဝင်းဝင်း (ပတ်ပျိုး)
(ဂ) မန္တလာဘုံ (ဘွဲ့)
(ဃ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)

**၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဆီးနှင်းပြိုက်ကျ (ကြိုး)
(ခ) ဆင့်ရရင့်ငယ်လေ (ပတ်ပျိုး)
(ဂ) ရန်တကာအောင် (ဘွဲ့)
(ဃ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)

**၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဇမ္ဗူရောင်ကွန့် (ဘွဲ့)
(ခ) ပြောင်ပြောင်ပြောင်နာဂိန် (ကြိုး)
(ဂ) ပန်းတသင်းသင်း (ပတ်ပျိုး)
(ဃ) မြိုင်ဟေမာ (ယိုးဒယား)

## "ခေတ်ဟောင်းတေး/ ကာလပေါ်တေးများ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)**
(က) မြဘယက် (ဥသြဘသောင်)
(ခ) ပျူစောထီး (ဒေါ်ကြည်အောင်)
(ဂ) စွဲမက်ပါတဲ့အာရုံ (ဥသြဘသောင်)
(ဃ) ညီတော်မင်းနန် (ဝင်းဦး)
(င) ရုပ်ကြီးသူ (ဦးသိန်းကြွယ်)
(စ) ရွှေတိဂုံသမိုင်း (ဒေါ်ကြည်အောင်)
(ဆ) ဘုံဓမ္မတာ (ဥသြဘသောင်)
(ဇ) မင်္ဂလာတော် (ဥသြဘသောင်)
(ဈ) ပန်းစုံတဲ့တော (ခင်မောင်ရင်)
(ည) သရက်ပင်အိုရဲ့သံဝေဂ (ကိုမင်းနောင်)

**၂။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသမီး)**
(က) တောင်သူပျို (ဒေါ်ကြည်အောင်)
(ခ) မဟာတြိရတန (ရီရီသန့်)
(ဂ) စာဆိုခံ "လ"လုံး (မာမာအေး)
(ဃ) သုံးဆယ့်ရှစ်ဖြာမင်္ဂလာ (ကြည်ကြည်ဌေး)
(င) မေတ္တာဝေသံဆန်း (ဝင်းဦး)
(စ) စည်တော်ကြီး (မာမာအေး)
(ဆ) သုံးရွှေ့လယ် (ဒေါ်ကြည်အောင်)
(ဇ) ပြိုင်ပွဲကြီး (ထား)
(ဈ) ဂီတအခြေခံ (အဖွဲ့)
(ည) ဓာတ်တော်ဝေခန်း (ဒေါ်ကြည်အောင်)

**၃။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)**
(က) တပေါင်းသာခေါင် (ကိုတင်အောင်သန်း)
(ခ) မာန် (ဂီတလုလင်ဦးကိုကို)
(ဂ) ဂျင်မလေးဂျမ်း (ကိုမင်းနောင်)
(ဃ) မဂ္ဂင်ရှစ်ပါး (ပြည်ဘရှင်)
(င) ဖန်တီးသူတို့အပြုံးများ (ဂီတလုလင်ဦးကိုကို)
(စ) မဟာဇနက္က (ခင်မောင်ရင်)

**၄။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသမီး)**
(က) အာရောဂျံ (ဒေါ်ကြည်အောင်)
(ခ) နွှေမိုးဆောင်း (တင်တင်မြ)
(ဂ) ဝနိမိတ် (စိန်ပါတီ)
(ဃ) ဂီတဥ္စလီ (သင်းသင်းမြတ်)
(င) ဓမ္မစကြာ (ဒေါ်ကြည်အောင်)
(စ) ကထိန်သင်္ကန်း (စိန်ပါတီ)

**၅။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**
(က) ဖြောသံ (ဥက္ကလာမောင်)
(ခ) ရိပ်မြိုင်ရေချမ်းမေတ္တာစမ်း (စန္ဒရားထွန်းညွန့်)
(ဂ) မဟာဗန္ဓုလ (ကိုထွန်းရွှေ)
(ဃ) ဂုဏ်တော်ကိုးသွယ် (ကိုထွန်းရွှေ)

**၆။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)**
(က) မြညွင်းလေပြေ (မအေးမိ)
(ခ) အတုအယောင် (ဌေးဌေးမြင့်)
(ဂ) ယောကျ်ားဆုပန် (လေဘာတီမြရင်)
(ဃ) အစိန္တေယျ (ဌေးဌေးမြင့်)

**(ဆက်လက်ဖော်ပြပါမည်)**

# ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိ၊ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့” သီချင်းနှင့် “အလှဆုံးပန်းများပွင့်ကြပြီ” သီချင်းတို့ဖြင့် တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြပြီး “နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည်ခိုင်မာတိုးတက်စေရမည်” ဗီဒီယို Clip ကို ပြသသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် နေ့စဉ်စာဖတ်ရာတွင် သုတ၊ ရသ ပညာရပ်အစုံကို ဖတ်ရှုကြရန်နှင့် နောင်တစ်ချိန် နိုင်ငံတော်က အားကိုးအားထားရသော သားကောင်း၊ သမီးကောင်းပညာရှင်များ ပေါ်ထွန်းရေးအတွက် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့်က စာပေလေ့လာဖတ်ရှုမှု အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်လှူဒါန်းကြသည့် အလှူရှင်များနှင့် စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့်တို့ထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက စာအုပ်စာစောင်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်အရောင်းဆိုင်များ၊ စာပေဆွေးနွေးပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများထံ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပြိုင်ပွဲများမှ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ဖျော်ဖြေရေးတီးဝိုင်းအဖွဲ့က သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**သထုံ စက်တင်ဘာ ၃**

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းက အောက်ကျင်းရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်နော်အက်စတာက လူငယ်စကားဝိုင်း ကျင်းပပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး Grade-10 နှင့် Grade -9 ကျောင်းသား ကျောင်းသူလေးဦးတို့က လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့် စာဖတ်ခြင်း၊ မိမိအနှစ်သက်ဆုံးစာအုပ်တစ်အုပ်နှင့် စာကြည့်တိုက်၏ အကျိုးကျေးဇူးများ ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



# လမ်းမတော်မြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် စာပေချစ်မြတ်နိုးသူများဖြင့် စာဖတ်ဝိုင်း ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စာပေချစ်မြတ်နိုးသူများမှ စာရေးဆရာမောင်မင်းစိုးရေးသားသည့် “မအောင်မြင်ခြင်းရဲ့ဇာစ်မြစ်များ” စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

အဆိုပါ ဆွေးနွေးပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က မုဒိတာစကားပြောကြားပြီး အမိမြေသစ္စာ သတင်းစုံဂျာနယ်မှစာရေးဆရာ ဦးသူရဇော်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်စိန်က စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာပေဖတ်ရှုခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားဆွေးနွေးသည်။ ထို့နောက် စာပေဝါသနာရှင်များက စာရေးဆရာမောင်မင်းစိုးရေးသားသည့် “မအောင်မြင်ခြင်းရဲ့ဇာစ်မြစ်များ” စာအုပ်အကြောင်းကို အကျယ်တဝင့် ဆွေးနွေးခဲ့ပြီး Book Club အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်စိန်က ကျေးဇူးတင်စကား ပြောကြားသည်။

လမ်းမတော်မြို့နယ် လူထုအခြေပြုဗဟိုဌာနမှ ပြည်သူများအသိပညာဗဟုသုတများ တိုးပွားလာစေရန်အတွက် ဌာနဆိုင်ရာများ၊ စာပေချစ်မြတ်နိုးသူများဖြင့် စာဖတ်ဝိုင်းနှင့် အသိပညာပေးဆွေးနွေးပွဲများကို လစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# (၁၂)ကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မုဒုံ စက်တင်ဘာ ၃**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက အထက(၂)ကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။



**ကြည့်ရှုအားပေး**

အဆိုပါပြိုင်ပွဲအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မော်လမြိုင်)မှ တပ်ဖွဲ့စုမှူး ရဲမှူးမိုးဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်ဝင်း၊ မြို့နယ်ပညာရေးမှူး တာဝန်ခံ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာ စာသင်ကျောင်းများမှ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၈ ဦးက “ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား” ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို စက်တင်ဘာ ၁၃ ရက် မော်လမြိုင်မြို့တွင် ကျင်းပမည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

**❖ ရခိုင်ပြည်နယ်မှ**

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များ အပါအဝင် ရေယာဉ် ၄၉ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၇၁၀၉၉ ဒသမ ၄၃ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ




ပုသိမ် စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး၏ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲအကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ပြိုင်ပွဲကျင်းပရေး နာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြား သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဧရာဝတီတိုင်းဒေသကြီး၏ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဖွင့်တေးသီချင်းဖြစ်သည့် "ငွေရတုလှမ်းချီ ဧရာဝတီ" တေးသီချင်းအား အဆိုပြိုင်ပွဲဝင်များနှင့် ပညာ အလင်္ကာအဖွဲ့ကသီဆိုပြီး အကပြိုင်ပွဲဝင်များက ကပြ တင်ဆက်မှုကိုလည်းကောင်း၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ချင်း တိုင်းရင်းသားရိုးရာအကဖြင့် ဧရာဝတီတိုင်းဒေသ ကြီးကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ပုသိမ်ပညာရေး ဒီဂရီကောလိပ်ယိမ်းအဖွဲ့က ကပြတင်ဆက်မှုကို လည်းကောင်း၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ကျေးလက်ရိုးရာအကဖြင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ကပြမည့် မြောင်းမြပညာရေးဒီဂရီကောလိပ် ယိမ်းအဖွဲ့က "ကျေးလက်သဘာဝ တိုင်းဧရာအလှ" တေးသီချင်း ဖြင့် ကပြတင်ဆက်မှုများနှင့် အခြေခံပညာ(၁၀-၁၅ အမျိုးသမီး) ကဗျာလွတ်အကအား ပြိုင်ပွဲဝင်များက ပါဝင်ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း ကြည့်ရှု အားပေးသည်။

ဧရာဝတီတိုင်းဒေသကြီး၏ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား စက်တင်ဘာ ၃ ရက် မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပြိုင်ပွဲဝင် ၁၃၃ ဦး၊ အကပြိုင်ပွဲဝင် ၂၈၁ ဦး၊ အရေးပြိုင်ပွဲဝင် ၁၆ ဦး၊ အတီးပြိုင်ပွဲဝင် ၃၁၁ ဦး စုစုပေါင်းပြိုင်ပွဲဝင် ၇၄၁ ဦး ပါဝင်ယှဉ်ပြိုင်သွားကြမည် ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်၏ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ခရိုင် အဆင့်နည်းပြသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ကျင်းပစဉ်။ မူမူ



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရန်အတွက် ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို (လှည်းကူး)အထက အောင်ဆန်းခန်းမ၌ စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)

✻ MNL-2 မှ

သွင်းယူပြီး တက္ကသိုလ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၉ မိနစ်တွင် ဇော်ဇော်ထိုက်က သွင်းယူခဲ့သည်။ စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ရာမညယူနိုက်တက်အသင်းက ငွေကြယ်ပွင့်အသင်းကို ငါးဂိုး-တစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။ တက္ကသိုလ်အသင်း ရှုံးပွဲကြုံတွေ့မှုကို ရာမည ယူနိုက်တက်အသင်းက အပြည့်အဝအသုံးချကာ ထိပ်ဆုံးနေရာ ရယူနိုင် ခဲ့သည်။ ရာမညယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၂ မိနစ် တွင် ဟိန်းထက်ဇော်ဝင်း၊ ၂၁ မိနစ်တွင် ချမ်းဦး၊ ၃၃၊ ၆၃ မိနစ်တွင် ဆန်းမြင့်နိုင်၊ ၇၅ မိနစ်တွင် ညီညီအောင်တို့က သွင်းယူသည်။

ပွဲစဉ် (၇) အပြီးတွင် ရာမညယူနိုက်တက်အသင်းက ရမှတ် ၁၄ မှတ် ဖြင့် ဦးဆောင်နေပြီး တက္ကသိုလ်အသင်းက ၁၃ မှတ်၊ Chinland အသင်း က ၁၂ မှတ်၊ Glory Goal အသင်းက ရှစ်မှတ်၊ ကချင်ယူနိုက်တက်နှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က ခုနစ်မှတ်စီ၊ ငွေကြယ်ပွင့် အသင်းက ငါးမှတ်၊ ဧရာဝတီရိန်းဂျားအသင်းက တစ်မှတ် ရရှိထားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**



သန်လျင်ခရိုင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၃ ရက် နံနက်က သန်လျင်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ ခရိုင်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက သင်တန်းအဖွင့်အမှာစကားပြောကြားစဉ်။ တင်ဝင်းတင်



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ခရိုင် အဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပစဉ်။ ဇေယျာ(မြောင်းမြ)



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက အထက (၁) မြတ်ပညာခန်းမ၌ ကျင်းပစဉ်။ ပြည့်ဖြိုးကျော်(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၏ လူဦးရေနှင့် အိမ်အကြောင်း အရာ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ ရေးလုပ်ငန်း ခရိုင်အဆင့် နည်းပြသင်တန်းကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက မြိတ်တက္ကသိုလ် ပုလဲသစ္စာခန်းမ၌ ဖွင့်လှစ်စဉ်။ ခိုင်ထူး(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့် နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ပိုင်းက မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)



၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြီး ခရိုင်သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေက သင်တန်း အထောက်အကူပြုပစ္စည်းများ ပေးအပ်စဉ်။ သတင်းစဉ်

## ဦးလင်းကွန်း [၁၀/မလမ(နိုင်)၁၅၈၂၃၉] - ဒေါ်လလီသာ [၁၀/မလမ(နိုင်)၂၉၅၇၈၉]တို့၏ သားဖြစ်သူ မောင်ဥက္ကာကျော် [၁၀/မလမ(နိုင်)၃၀၂၇၄၃]အား အမွေစားအမွေခံ သားအဖြစ်မှ အပြီးအပိုင် ရာသက်ပန်စွန့်လွှတ်ကြောင်း အများသိစေရန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၈) နေ ဦးလင်းကွန်း- ဒေါ်လလီသာတို့၏ သားဖြစ်သူ မောင်ဥက္ကာကျော်သည် မိဘများ၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ မိမိသဘောဆန္ဒဖြင့် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် မိဘ/ဆွေမျိုးများက အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင်ရာသက်ပန် စွန့်လွှတ်လိုက်ပါကြောင်း၊ မောင်ဥက္ကာကျော်နှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ မိဘဆွေမျိုးများက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလင်းကွန်း - ဒေါ်လလီသာ တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆-A၊ မြေကွက်အမှတ်-၁၃၁၊ မြေကွက်တည်နေရာအမှတ်-၁၃၁၊ ကုန်းဘောင်လမ်းသွယ်(၁)လမ်း၊ ၁၆-Aရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဗိုလ်မှူးကြီးစိုးမြင့်) အမည်ပေါက်ပါမစ်မြေအား (MMO - ၁၅၆၀၉၅)၊ [၇/ပခန(နိုင်)၀၃၃၃၃၈] (၁၄-၆-၂၀၁၂)ရက်စွဲပါ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးသော မြေချပါမစ်အမည်ပေါက် ဗိုလ်မှူးကြီးစိုးမြင့်ထံမှ အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်လှငယ် [၁၃/လခန(နိုင်) ၀၂၀၆၄၇] မှ ပါမစ်မူရင်း (ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မြေနေရာ ချထားပေးခံရသူများ၏ မှီခိုသူများစာရင်းသာတင်ပြပြီး၊ မိသားစုဓာတ်ပုံမှတ်တမ်း မပါဝင်ပါ)၊ အရောင်းအဝယ်ကတိစာချုပ်တို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာပါသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ် အဆောက်အဦ(၁)လုံးရှိပြီး၊ လျှောက်ထားသူ ကိုယ်တိုင် ကွင်းဆင်းစစ်ဆေးခြင်းကို သိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်လှငယ်မှ ပါမစ်မစုံဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်ထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်၌
## ၂၀၂၄-ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၅

| | | |
|---|---|---|
| ဦးမြင့်သိန်း | နှင့် | ၁။ ဒေါ်မင်းမင်းထွေး |
| | | ၂။ မဇာခြည်ဝေ |
| **(လျှောက်ထားသူ)** | | **(လျှောက်ထားခံရသူများ)** |

အထက်အမည်ပါအမှုမှ အမှတ်(၂)လျှောက်ထားခံရသူ မဇာခြည်ဝေ၊ အမှတ်-၁၂၂၄၊ အာသာဝတီ(၁)လမ်း၊ (၁၅၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

အထက်ပါအမည်ပါ ဦးမြင့်သိန်းက ဤရုံးသို့ **"တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၁၀၀ အရ လျှောက်ထားမှု"** လျှောက်ထားသည်ဖြစ်၍ ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ရက် (၁၃၈၆ခုနှစ်၊ တော်သလင်းလဆုတ်ကျော် ၁ရက်) နံနက် (၁၀:၀၀) နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၃)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( လှဦး )
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၄ )
## တွံတေးခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၁၉

**ကွယ်လွန်သူ ဦးသန်းလှိုင်၏ကျန်ရစ်သော ကြွေးမြီများ၊ ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ ရွှေလှေချောင်ကျေးရွာအုပ်စု၊ ကြည်စုရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသန်းလှိုင်၏ ကျန်ရစ်သော ကြွေးမြီများ၊ ပစ္စည်းများအပေါ်၌ အမွေဆက်ခံရန်လက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်မိုးဦးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသန်းလှိုင်၏ ကျန်ရစ်သော ကြွေးမြီများ၊ ပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၄ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်း မရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်မိုးဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်တင့်မော်)**
**ခရိုင်တရားသူကြီး**
**တွံတေးခရိုင်တရားရုံး**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော"MV-SMART LINE "{Reg.No-101125} အမည်ရှိ ကမ်းထိုးကုန်တင်(သံ)ရေယာဉ်(အလျား၆၉.၄၂မီတာ၊ အနံ ၁၆.၇၆ မီတာ၊ စောက်၄.၅၇မီတာ၊ တန်ချိန်-၁၃၉၇)အား ဂရန် အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးရာဇာလွင်မြင့် [၉/ပဥလ(နိုင်)၀၀၄၄၂၉] အမည်မှ ဦးသန်းမြင့်အောင် [၆/မမန(နိုင်)၀၈၅၉၇၅] အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းအမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ပုလဲမွန်အိမ်ရာ ရှိ တိုက်အမှတ် (၄)၊ အခန်းအမှတ်(၁၀၂)၊ ပထမထပ် ဧရိယာ(၁၁၅၀)စတုရန်းပေရှိ တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဒေါ်စောလီနိုင် (၁၂/သဃက(နိုင်)၁၅၈၉၀၃)** အမည်ပေါက်တရားဝင် လက်ရှိထားပိုင်ဆိုင် ပြီးအဆိုပါ တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ၄င်းနေ့ရက် ကျော်လွန် ပါကအရောင်းအဝယ်ကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်မျိုးထက် (LL,B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၇)

အမှတ် (၁၀၁)၊ ပထမထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။ ၀၉-၄၃၂၀၇၃၃၉၊၀၉-၄၂၀၀၈၇၁၇၇

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၂၉)၊ ဒုတိယထပ်(ဝဲ)၊ အကျယ်အဝန်း(၁၅x၅၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်သူရစိုး[၆/မအရ(နိုင်)၁၀၀၅၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူမင်း(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၂၈၁၈၈)**
**အမှတ်(၄၉)၊ အထက်မန္တလေးလမ်း၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၈၆၉၃၀၅၁၂၊ ၀၉-၄၀၄၆၂၆၉၃၁**

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၃)လမ်း၊ အမှတ်(ခ/၅၄)ပေါ်တွင် ဆောက်လုပ်ထားသော ၂ခန်းတွဲ ၅ထပ်တိုက်၏၅လွှာ(ခြေရင်းခန်း)၊ (အလျား ၁၂ပေခွဲx ၄၈ပေ) အကျယ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ရည်ညွှန်းဖော်ပြလိပ်စာပါ တိုက်ခန်းနှင့်ပတ်သက်၍ ရောင်းသူ ဒေါ်ကြည်ကြည်အေး [၁၁/ရဗန(နိုင်)၀၇၄၄၇၆] မှ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ ဝယ်ယူရန် သဘောတူပြီး ရောင်းဖိုးငွေ တစ်စိတ်တစ်ပိုင်းအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်ပြည့်မြောက်သည့်နေ့ရက်နောက်ဆုံးထား၍ ပိုင်ဆိုင်မှု အထောက်အထားမူရင်း ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်လှိုင်ဇော် LL.B** | **ဒေါ်မိုးပွင့်ဖြူ LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၉၃၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၉၆၈)** |

**အမှတ်(၉၆၉)၊ ထူပါရုံ(၈)လမ်းအနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၀၁၃၄၅၂၄၊ ၀၉-၄၂၂၀၅၆၈၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၇၊ မြေကွက်အမှတ်-၁၀၅၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်(မြေကွက်ကိုမျက်နှာမူလျှင် လက်ယာဘက်ခြမ်း)၊ မြေကွက်အမှတ်-၁၀၆နှင့်ကပ်လျက်အခြမ်း၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးနိုင်ထွန်း [၁၂/ဒဂရ(နိုင်)၀၀၄၀၈၂]မှ အရပ်ကတိ စာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ကာ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အိအိမွန်[၁၁/ရဗန(နိုင်)၀၉၀၇၁၆]မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မီမီဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၂၅၆)**
**အမှတ်(၉/၁၀)၊ အခန်း(၃၀၂/F)၊ ၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း 09-423744284**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁၄/၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်)၏

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| ၁။ | 77R(LPT)/MPE-CHK | ဖယောင်းကုန်ကြမ်း | 2 Items |
| ၂။ | 79(LPT)/MPE-HQ | Aluminium Sulphate(Solid) | 100 MT |
| ၃။ | 70R-R(LPT)/MPE-KZ | Calcium Hypochloride Powder (Bleaching Powder)65% | 7 MT |
| ၄။ | 71R-R(LPT)/MPE-F4 | Process Air Compressor(Steam Turbine &Compressor)Major Overhaul စစ်ဆေးပြုပြင်ခြင်းလုပ်ငန်း | 1 Lot |
